# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၆၇)


## (၈၄)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး၊

★ အမျိုးသားပညာရည်မြင့်မားရေး၊

★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး။

# စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေး နိုင်ငံတော်နှင့်ပြည်သူပူးပေါင်းလက်တွဲ အမျိုးသားနေ့ နေ့ထူးနေ့ မြတ်ကြီး၏အစဉ်အလာကောင်းများနှင့်အညီ အမျိုးသားရေးမူဝါဒကိုဦးထိပ်ပန်ဆင် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့်ကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာ–

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား–

ယနေ့သည် မြန်မာ့လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်တက်ကြွစွာ စတင်လှုပ်ရှား ဆောင်ရွက်ခဲ့သည့် (၈၄)နှစ်မြောက် အမျိုးသားနေ့ဖြစ်ပါသည်။ အမျိုးသားပညာရေးစနစ်ထူထောင်မှုမှ စတင်လျက် မြန်မာ့လွတ်လပ်ရေးပန်းတိုင်သို့ အရှိန်အဟုန်ဖြင့် တက်လှမ်းနိုင်မည့် အမျိုးသားရေးလှုပ်ရှားမှုကြီးကို စတင်ခဲ့သည့် နေ့တစ်နေ့အဖြစ် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အစဉ်ထာဝရ မော်ကွန်းတင်ထားရမည့် နေ့ထူးနေ့မြတ်တစ်နေ့လည်း ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡




နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန မှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဒီဇင်ဘာ ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

# (၈၄)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

# နိုင်ငံတော်နှင့် စိုက်ပျိုးသူများ အကျိုးစီးပွားဖြစ်ထွန်း နိုင်ငံခြားငွေရရှိမည့် ရော်ဘာတိုးချဲ့စိုက်ပျိုးလုပ်ကိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေမြေသဘာဝ သယံဇာတအခြေအနေကောင်းများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ ပေါများကြွယ်ဝသော သဘာဝအရင်းအမြစ်များကို အသုံးချ၍ နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ထုထည်ပမာဏအကြီးမားဆုံးသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ အခြားကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ပြည်တွင်းစားသုံးမှုဖူလုံပိုလျှံစေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် အမယ်သစ်(အမည်သစ်) သီးနှံများသာမက နှစ်ရှည်ပင် များကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

နှစ်ရှည်စိုက်ပျိုးပင်များအနက် ဆီအုန်းနှင့်ရော်ဘာသည် ယနေ့ကာလတွင် စီးပွားရေးအရ တွက်ချေအကိုက်ဆုံးဖြစ်သည်။ ဆီအုန်းသည် ပြည်တွင်းစားသုံးမှုဖူလုံစေပြီး ရော်ဘာသည် နိုင်ငံခြား ငွေရှာဖွေရာတွင် အကောင်းဆုံးစီးပွားရေးလုပ်ငန်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုသည် ရော်ဘာစိုက်ပျိုးရန် အလွန်ကိုက်ညီသည့် ရေ၊ မြေ၊ ရာသီဥတု ဖြစ်သည်။ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကြည့်လျှင် မန္တလေးတိုင်း၊ မကွေးတိုင်း နှင့် စစ်ကိုင်းတိုင်း၏ အချို့နေရာဒေသများကလွဲလျှင် တစ်ပြည်လုံးနီးပါး ရော်ဘာစိုက်ပျိုး၍ ရနိုင် သည်။

ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းသည် သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းနိုင်သည့် စီးပွားရေး လုပ်ငန်းဖြစ်သည်။ နိုင်ငံတော်က ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများကို အဘက်ဘက်က အားပေးကူညီ လျက်ရှိသည်။ တိုင်းရင်းသား လုပ်ငန်းရှင်များကို မြေယာများချထားပေးပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ရန် အခွင့်အရေးများပေးလျက်ရှိသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လွတ်လပ်စွာ ရောင်းဝယ်တင်ပို့ခွင့်ကိုလည်းပေးထားသည်။

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ရော်ဘာစိုက်ပျိုးလိုသူ မည်သူ့ကိုမဆို မြေနေရာရရှိရေး၊ မျိုးစေ့နှင့် နည်းပညာရရှိရေး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးရရှိရေး စသည်တို့ကို ကူညီပံ့ပိုးလျက်ရှိသည်။

ရော်ဘာပင်ကို အနှစ် ၃၀ ကြာ အသုံးပြု၍ရပြီး ခြောက်နှစ်၊ ခုနစ်နှစ်ခန့်စောင့်ဆိုင်း၍ ပြုစုပျိုးထောင် ခြင်းဖြင့် ရေရှည်အကျိုးအမြတ်ရရှိနိုင်သည့် လုပ်ငန်းဖြစ်သည်။

ရော်ဘာသည် စက်မှုကုန်ကြမ်းတစ်မျိုးဖြစ်ပြီး လူ့အသုံးအဆောင်ပစ္စည်းအတော်များများသည် ရော်ဘာနှင့် မကင်းသည်ကို တွေ့ရသည်။ ရော်ဘာအစစ်သည် ဈေးကောင်းပေးရသဖြင့် အချို့စက်မှု ဖွံ့ဖြိုးသည့် နိုင်ငံများတွင် ရော်ဘာအတုများကို ဖန်တီးပြုလုပ် သုံးစွဲနေရသည်။

ယနေ့ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ရော်ဘာသည် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၀၀ မှ ၁၃၀၀ ဈေးအထိရသည်။ ဖြတ်စ၊ ညှပ်စ၊ ဆွဲဖတ်၊ ခွက်ကပ်များသည်ပင်လျှင် ဒေါ်လာ ၁၀၀၀ထိ ရနိုင်သည်။ ထို့ကြောင့် ရော်ဘာစိုက်ပျိုးကြလျှင် ပြည်ပဈေးကွက်သေချာပြီး တွက်ချေကိုက် သဖြင့် ရော်ဘာကို တိုးချဲ့စိုက်ပျိုးကြရန် ဖြစ်သည်။

ရော်ဘာသည် ကမ္ဘာ့ဈေးကွက်၌ လိုအပ်ချက် နှစ်စဉ်တိုးမြင့်နေခြင်း၊ ဈေးကျရန်မရှိဘဲ ဈေးကောင်းရရှိနိုင်ခြင်း၊ ပြည်ပပို့ကုန်ဖြစ်၍ နိုင်ငံခြားဝင်ငွေရရှိခြင်း၊ ကာလတစ်ရပ်၌ ငွေကြေး ပမာဏသင့်တင့်စွာစိုက်ထုတ်ရုံဖြင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေခြင်း၊ နိုင်ငံတော်က အဘက်ဘက်က အားပေးကူညီခြင်း၊ မြန်မာ့ ရေ၊ မြေ၊ တောတောင်၊ ရာသီဥတုနှင့်ကိုက်ညီပြီး ဒေသ အနှံ့အပြား၌ စိုက်ပျိုးရှင်သန်ဖြစ်ထွန်းခြင်း စသည့် အခြေခံကောင်းများရှိပြီးဖြစ်သော နှစ်ရှည်ပင်မျိုး ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခြားဝင်ငွေရရှိပြီး နိုင်ငံတော်နှင့် စိုက်ပျိုးသူများအတွက်ပါ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် နှစ်ရှည်ပင်ရော်ဘာ စိုက်ပျိုးရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီအားပေးလျက်ရှိရာ ပူးပေါင်းပါဝင် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းဆန်ယာ၌ မယ်ကမ္ဘာပြိုင်ပွဲအစမ်း လေ့ကျင့်ရာတွင် တရုတ်အမျိုးသမီး ငယ်များက အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ဒီဇင်ဘာ၂ရက်ကတွေ့ရစဉ်။ (အဆိုပါ မယ်ကမ္ဘာပြိုင်ပွဲကို နိုင်ငံပေါင်း ၁၀၇နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဒီဇင်ဘာ ၄ ရက်က နောက်ဆုံးပြိုင်ပွဲဝင်ခဲ့ရာတွင် ပီရူးနိုင်ငံမှ မာရီယာဂျူလီယာမန်တီလ် လာဂါစီယာက မယ်ကမ္ဘာဘွဲ့ ဆွတ်ခူးရရှိခဲ့သည်။) **(ဓာတ်ပုံ–အင်တာနက်)**

## အမျိုးသမီးများ ကားဒီဇိုင်းရေးဆွဲထုတ်လုပ်နိုင်ပြီ

လန်ဒန် ဒီဇင်ဘာ ၄

**မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းမှာ ထုံးတမ်းစဉ်လာအရ အမျိုးသားများကသာ လွှမ်းမိုးလုပ်ကိုင်လျက်ရှိသည်။ သို့ရာတွင် ယခုအခါ ဗော်လ်ဗိုကားကုမ္ပဏီမှ အမျိုးသမီးများသာပါဝင်သော မော်တော်ကားဒီဇိုင်း ရေးဆွဲသည့် အဖွဲ့တစ်ဖွဲ့က နောက်ဆုံးအကြံဉာဏ် စိတ်ကူးစိတ်သန်းများဖြင့် တည်ဆောက်ထားသည့်ကားတစ်စီးကို ထုတ်လုပ်ခဲ့သည်။**

မော်တော်ကားဝယ်ယူသူများ၏ ၈၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်သည့်အတွက် အမျိုးသမီးများ အတွက်ရည်ရွယ်ကာ ယခုဇိမ်ခံကားကို ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ဗော်လ်ဗို ကုမ္ပဏီက ပြောကြားခဲ့သည်။

ကားပေါ်ရှိထိုင်ခုံကို အနေအထား ပြောင်းသည့် ကိရိယာသည် ပုံမှန် ကိရိယာသာဖြစ်သော်လည်း ကလပ် ပြားကို အမျိုးသမီးများအတွက် ရည်ရွယ်ပြီး ပိုမိုနီးနီးကပ်ကပ် တပ်ဆင် ထားသည့်အပြင် ဒေါက်မြင့်ဖိနပ်စီး သူများအတွက် ဖိနပ်ထားရန် အပြား ကလေးတစ်ခု တပ်ဆင်ထားသည်။

ထို့အပြင် လက်ဆွဲကွန်ပျူတာထား ရန်နှင့် စာရွက်စာတမ်းများ သိမ်းဆည်း ရန် သီးသန့်နေရာများ ပါရှိသလို ဆံပင်စည်းထားပါက ဆံပင်ထားရှိနိုင် သည့် နေရာလေးကိုပါ ခေါင်းတင်ရန် နေရာ၌ ပါရှိကြောင်း သိရသည်။

ကားထိုင်ခုံမှ ကူရှင်အရောင်များကို လည်း မိမိအဝတ်အစားနှင့် လိုက်ဖက် သည့် အရောင်ကိုသာမက နှစ်သက် သလို ပြောင်းလဲနိုင်အောင် စီစဉ်ထား ကြောင်း သိရသည်။

**(စီအင်န်အင်န်)**

## စားသုံးနိုင်သောမှိုမှ ဂျပန်သုတေသီများ ရော်ဘာထုတ်လုပ်

တိုကျို ဒီဇင်ဘာ ၄

**ဂျပန်နိုင်ငံတွင် အများအပြားတွေ့ရှိရသော စားသုံးနိုင်သည့် မှိုမှထုတ်ယူသော သဘာဝပစ္စည်းတစ်ခုမှနေ၍ မိမိတို့ ရော်ဘာထုတ်လုပ်ရရှိခဲ့ကြောင်း ဂျပန်သုတေသီများက ပြောကြားသည်။**

တိုကျိုအနောက်ဘက်ရှိ ဂန်မာတက္ကသိုလ်မှ သုတေသီများသည် မှိုမှနေ၍ ရော်ဘာထုတ်လုပ်ရရှိရုံသာမက နောက်ဆုံးအဆင့်ထုတ်လုပ်ရရှိသော ပစ္စည်း၌ ယားယံမှုဖြစ်စေနိုင်သော ပရိုတိန်းဓာတ်မပါသည့် အကျိုး ကျေးဇူးကိုလည်းရရှိခဲ့ကြောင်း သုတေသနပြုအဖွဲ့ခေါင်းဆောင် ဟီရိုရှိမိတိုမိုက ပြောကြားသည်။

မိမိတို့စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ကြိုးပမ်းလျက် အဆိုပါစီမံကိန်းကို လုပ်ဆောင်နေကြောင်း မိတိုမိုက ကြာသပတေးနေ့က ပြောကြားသည်။

မှိုများသည် ဂျပန်နိုင်ငံတွင် စီးပွားဖြစ်ပေါက်ရောက်ကြပြီး နွေရာသီ၏အမြင့်ဆုံးအချိန်၌သာ ပေါက်ရောက် ကြသည့်အပြင် ၁၀ရက်ခန့်မျှသာ ပေါက်ရောက်ပြီးနောက် ဆွေးမြေ့ပျက်စီးကုန်လေ့ရှိသည်။

လောလောဆယ်၌ မှိုမှနေ၍ ရော်ဘာထုတ်လုပ်သည့် ကုန်ကျစရိတ်သည် ရော်ဘာပင်မှ ရော်ဘာစေးကို ခြစ်ယူထုတ်လုပ်သည့် ကုန်ကျစရိတ်ထက် ၁၀ဆမျှရှိသည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ပါကစ္စတန်နှင့် အိန္ဒိယအကြား ရထားလမ်း ဆက်သွယ်ဖောက်လုပ်မည်

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၄

**ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံအကြား မီးရထားလမ်း ဖွင့်လှစ်ရေးအစ္စလမ္မာဘတ်၌ သောကြာနေ့၌ ဆွေးနွေးလျက်ရှိကြောင်း ဒေသဆိုင်ရာ မီဒီယာက ပြောကြားသည်။**

ပါကစ္စတန်နိုင်ငံ ကိုခါပါမြို့နှင့် အိန္ဒိယနိုင်ငံ မိုနာဘော်မြို့တို့အကြား ဆက်သွယ်ဖောက်လုပ်မည့် မီးရထားလမ်းတစ်လမ်းသည် နောက်ဆုံး ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့ကြောင်း နှစ်နိုင်ငံမှ ဦးစီးဌာနများနှင့် သက်ဆိုင်သောနည်း ပညာအဖွဲ့များက ပြောကြားသည်ကို ဒေါင်းန်သတင်းစာက ဖော်ပြလိုက်သည်။

ခရီးသွားမှတ်တမ်းများနှင့် ပြုပြင်ရေးလမ်းကြောင်းများ စပ်လျဉ်းသည့် အစီအမံများသည် ဆွေးနွေးပွဲကို အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ဒေါင်းန်က ဖော်ပြသည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် တောင်အာရှတွင် ပြိုင်ဘက်နိုင်ငံ များဖြစ်ခဲ့ကြပြီး ဖေဖော်ဝါရီလက ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ယနေ့ကိုလိုနီနယ်ချဲ့လက်သစ်များသည် သတင်းနှင့်ပြန်ကြားရေးမီဒီယာများအသုံးပြု၍ စိမ့်ဝင်ထိုးဖောက်လွှမ်းမိုးခြယ်လှယ် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး အမျိုးသားရေးသတိနှင့်ယှဉ်၍ ကာကွယ်တွန်းလှန်

✡ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်လုံးတွင် မြန်မာလူမျိုးတို့သည် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှုမှန်သမျှကို ခေါင်းငုံ့မခံဘဲ ရှပ်ရှပ်ချွံချွံ တွန်းလှန်မောင်းထုတ်နိုင်ခဲ့ခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့ပါသည်။ မြန်မာ့သမိုင်းတွင် ထီးသုဉ်းနန်းသုဉ်း ကိုယ့်တိုင်းကိုယ့်နိုင်ငံ လက်လွတ်ဆုံးရှုံးခဲ့ရသည့် သမိုင်းအခိုက်အတန့်နှင့် ကြုံခဲ့ရဖူးသော်လည်း အမျိုးသားနေ့လှုပ်ရှားမှုကြီးမှ အစပြု၍ မြန်မာတိုင်းရင်းသားအားလုံး၏ ထက်မြက်မြင့်မားသည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံလျက် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ကိုလိုနီနယ်ချဲ့ လက်သစ်များသည် ထင်သာမြင်သာသည့် စစ်အင်အားအသုံးပြု နယ်ပယ်ချဲ့ထွင်မှု၊ အနိုင်အထက်ပြုမှုများအစား လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုမျက်နှာစာများမှသော်လည်းကောင်း၊ သတင်းနှင့်ပြန်ကြားရေးမီဒီယာများ အသုံးပြု၍သော်လည်းကောင်း စိမ့်ဝင်ထိုးဖောက် လွှမ်းမိုးခြယ်လှယ်မှုများ လုပ်ဆောင်လျက်ရှိကြရာ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် မပြတ်သော အမျိုးသားရေးသတိနှင့်ယှဉ်၍ ကာကွယ်တွန်းလှန်နိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

## ကြိုးပမ်းဆောင်ရွက်

သိပ္ပံနှင့်နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ၂၁ ရာစုတွင် ကြုံတွေ့ရမည့် လူမှုစီးပွားရေးဘဝကို ယနေ့လူငယ်များ ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ၁၉၉၈ ခုနှစ်မှစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်သော ပညာရေးမြှင့်တင်မှု အစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၁–၂၀၀၂ ဘဏ္ဍာရေးနှစ်မှစ၍ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းစီမံကိန်းလုပ်ငန်းစဉ်များအရ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်ထက်သန်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## အခွင့်အလမ်းပိုမိုရရှိ

အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းလုပ်ငန်းစဉ်များအရ အခြေခံပညာကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းများကို မိဘပြည်သူများနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ကျောင်းနေအရွယ်ကလေးဦးရေ၏ သူငယ်တန်းကျောင်းဝင်နှုန်းမှာ ၉၆ ဒသမ ၅၆ ရာခိုင်နှုန်းအထိ တိုးတက်လာပြီးဖြစ်ပါသည်။ မူလတန်းပညာသင်ယူပြီးမြောက်သည့် ကလေးငယ်များအား အလယ်တန်း ပညာသင်ယူမှု အခွင့်အလမ်း ပိုမိုရရှိရေးအတွက်လည်း မူလတန်းလွန်ကျောင်း ၄၇၃၆ ကျောင်းအထိ တိုးမြှင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုအခါ အခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၇ ဒသမ ၆၄ သန်းကျော် တက်ရောက်သင်ယူလျက်ရှိပါသည်။ ထို့အပြင် မြို့ပေါ်နှင့် ကျေးလက်သင်ကြားမှု သင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီရရှိရေး၊ ဆရာအတတ်ပညာ အရည်အသွေးမြင့်မားရေး၊ သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်များကိုလည်း ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များလက်တွဲပူးပေါင်းပြီး ကျေးလက်နှင့် နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဆင့်မြင့်ပညာကဏ္ဍတွင်လည်း နိုင်ငံတစ်ဝန်းလုံးရှိ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခုတွင် တက္ကသိုလ်၊ ကောလိပ်များတိုးချဲ့ဖွင့်လှစ်၍ အဆင့်မြင့်ပညာသင်ယူမှုအခွင့်အလမ်းများတိုးချဲ့ခြင်း၊ မဟာသုတေသနဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းနှင့် ဒေသအလိုက်ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်သင်တန်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ သတင်းအချက်အလက်နှင့်ဆက်သွယ်မှုဆိုင်ရာ အီလက်ထရွန်းနစ်ပစ္စည်းများဖြည့်ဆည်းပေးခြင်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၆ ကျောင်းတွင် သင်တန်းသား သင်တန်းသူ ကိုးသိန်းခန့် တက်ရောက်ပညာသင်ယူလျက်ရှိပြီး ယခုအထိ ပါရဂူဘွဲ့ရရှိသူ ၄၈၉ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ပြီဖြစ်ပါသည်။

## အပြည့်အဝပူးပေါင်းလက်တွဲ

ဤကဲ့သို့ အမျိုးသားရေးအကျိုးစီးပွားကို အနာဂတ်ကာလတိုင် ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးရေး ဦးတည်ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ၏ အောင်မြင်မှုအကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါကောင်းတွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ၏စွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး အပြည့်အဝ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်တို့ကို နိုးကြားထက်သန်စေသည့် အမျိုးသားပညာရေးစနစ်တစ်ရပ် ထူထောင်ခြင်းမှအစပြုလျက် မြန်မာ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည့် အမျိုးသားနေ့ နေ့ထူးနေ့မြတ်ကြီး၏ အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ယနေ့ကျရောက်သည့် (၈၄) နှစ်မြောက် အမျိုးသားနေ့တွင် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်ကြသည့်–

**(၁) ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊**
**(၂) အမျိုးသားပညာရည် မြင့်မားရေး၊**
**(၃) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
**(၄) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး**

ဟူသော ဦးတည်ချက်များနှင့်အညီ အမျိုးသားရေးအားမာန်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပညာရေးဝန်ကြီးဦးသန်းအောင်ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၅

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် အမှတ်(၂)အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြတ်ရတနာကျောင်းတိုက် အမှတ်(၅)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ချမ်းအေးသာစံမြို့နယ် သင်္ဂဇာကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့သို့ရောက်ရှိပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ကျောင်းသားကျောင်းသူများအတွက် ပညာသင်ကြားရေး အထောက်အကူပြုပစ္စည်းများကို လှူဒါန်းသည်။**

ထို့နောက် ဝန်ကြီးဦးသန်းအောင်သည် ပညာရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဘုန်းတော်ကြီးသင်ပညာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို လျှောက်ထားပြီး သင်ကြား သင်ယူနေမှုများကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# (၈၄)နှစ်မြောက်
# အမျိုးသားနေ့
## ၁၃၆၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
## (၆–၁၂–၂၀၀၄ရက်)

## သင်ကြားသင်ယူနေမှု ကြည့်ရှုအားပေး

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် ချမ်းအေးသာစံမြို့နယ် သင်္ဂဇာကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးစဉ်။**
(ပညာရေး)

## ဓမ္မဒါနဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက ဓမ္မကထိက ဗဟုဇနဟိတရေဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်သည် ဒီဇင်ဘာ ၁၆၊ ၁၇ ရက်ညများတွင် ပဲခူးမြို့ ဥသာမြို့သစ် (၂)ရပ်ကွက်၊ ၁၈၊ ၁၉ ရက်ညများတွင် သာကေတမြို့ ၃–မာန်ပြေ မာရဝိဇယမ္ဘာရုံ၊ ၂၀ ရက်ညတွင် အလုံမြို့ သိပ္ပံဈေး၊ ၂၁ ရက်ညတွင် သာကေတမြို့ (၁)ရပ်ကွက် အနော်မာ ၁၅ လမ်းအရှေ့၊ ၂၃ ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် သံသုမာလမ်း၊ ၂၅၊၂၆၊၂၇ ရက်ညများတွင် ဗဟန်းမြို့နယ် ဗိုလ်ချို (၁)ရပ်ကွက် ဗိုလ်ချိုလမ်း၊ ၂၉ ရက် ညတွင် လှိုင်သာယာမြို့ (၅)ရပ်ကွက်ထိပ် မဟာဘောဂလမ်း၊ ၃၀ ရက်ညတွင် တောင်ဒဂုံ (၆၄) ရပ်ကွက် မြတ်သစ္စာမ္ဘာရုံ၊ ၃၁ ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မြောက်ပိုင်း တပင်ရွှေထီးလမ်းတို့တွင် ဓမ္မဒါန ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

# အပြုသဘောကြိုးပမ်းမှုများကို အဖျက်လုပ်ရပ်များနဲ့ တုံ့ပြန်နေမှုတွေဟာ အမျိုးသားရေးအကျိုးစီးပွားကို ဖျက်ဆီးနေခြင်းသာဖြစ်

**အောင်မိုးစံ**

လူ့အဖွဲ့အစည်းတွေဟာ နုရာမှ ရင့်ရာသို့၊ နိမ့်ရာမှ မြင့်ရာသို့၊ မတိုးတက်ရာမှ တိုးတက်ရာသို့ ပြောင်းလဲရမြဲ ဓမ္မတာပင်ဖြစ်ပါတယ်။ လူတွေဟာ ခြောက်ပြစ်ကင်း သဲလဲစင်ရယ်လို့ မရှိသလို လူ့အဖွဲ့အစည်းတွေဟာလဲ ခြောက်ပြစ်ကင်း သဲလဲစင်ရယ်လို့ ဘယ်လိုမှ မရှိနိုင်ပါ။ ဒါကြောင့် ပြုပြင်ကြိုးပမ်း တည်ဆောက်နေရတာ ဖြစ်ပါတယ်။ အပြုသဘော တိုးတက်ဖြစ်ပေါ်အောင် ကြိုးပမ်းနေရတာ ဖြစ်ပါတယ်။

ပုထုဇဉ်လူသားမှန်သမျှဟာ ချို့ယွင်းတိမ်းပါးမှုနဲ့ ဘယ်လိုမှ မကင်းနိုင်ကြပါ။ ဒါကြောင့် အကောင်းဘက်သို့ချည်း ပြောင်းလဲသွားအောင် အစဉ်ကြိုးပမ်းသွားရမယ် ဖြစ်ပါတယ်။ အကောင်းဘက်သို့ ပြောင်းလဲလာမှု မှန်သမျှကိုလဲ ကြိုဆိုအားပေးသွားရမယ်သာ ဖြစ်ပါတယ်။

ဥပမာ–တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများ အမြင်မှန်ရပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာတဲ့အခါ နိုင်ငံတော်အစိုးရက နွေးထွေးစွာ ကြိုဆိုပါတယ်။ ပုထုဇဉ်လူသားတို့ မကင်းနိုင်တဲ့ အတွေးမှား၊ အလုပ်မှားတွေအပေါ် ခွင့်လွှတ်ပြီး စားဝတ်နေရေးကအစ အဆင်ပြေစေဖို့သာမက နိုင်ငံအကျိုးနဲ့ ဒေသအကျိုး သယ်ပိုးစွမ်းဆောင် ရပ်တည်သွားနိုင်ရေးကိုပါ ကူညီပံ့ပိုးပေးပါတယ်။ ဒါဟာ မွန်မြတ်တဲ့ လူသားတို့ရဲ့ မေတ္တာ၊ ကရုဏာစိတ်ထားလဲ ဖြစ်ပါတယ်။

အစိုးရတွေဆိုတာ လူ့အဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြုပြီး ပေါ်ပေါက်လာတာချည်း ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရတိုင်းမှာ အားသာချက်၊ အားကောင်းချက်ရှိသလို အားနည်းချက်၊ ချို့ယွင်းချက်များလဲ ရှိမြဲဓမ္မတာ ဖြစ်ပါတယ်။ နိုင်ငံတကာတွင် ဘယ်အစိုးရမျိုးမှ ခြောက်ပြစ်ကင်း သဲလဲစင်ရယ်လို့ မရှိနိုင်သေးပါ။ အမှားအယွင်းနဲ့ အားနည်းမှု အနည်းအများတို့သာ ခြားနားပါလိမ့်မယ်။ အဲဒီလို မှားယွင်းအားနည်းမှုတွေအပေါ်လဲ နည်းအမျိုးမျိုးနဲ့ ကုစားဖြေရှင်းကြတာ တွေ့ရပါတယ်။ အချို့သော အစိုးရများက မိမိတို့ယန္တရားအတွင်း အစိတ်အပိုင်းတစ်ခုရဲ့ ချွတ်ချော်မှုအပေါ် အချိန်မီဖော်ထုတ်ကုစားမှု မလုပ်မိတဲ့အတွက် အပ်နဲ့ထွင်းရမယ့် ပြဿနာကို ပုဆိန်နဲ့ ပေါက်ရတာမျိုး ဝေဒနာကြီးထွားလာပြီး ပြင်ပ ပယောဂဝင်ရောက်ပူးကပ်လာဖို့ ဖိတ်ခေါ်သလိုမျိုး ကြုံရပါတယ်။ ဒါတွေကြောင့် ထိခိုက်ကျဆုံးသွားရတာလဲ ရှိပါတယ်။ အချို့အစိုးရများကျတော့လဲ အားနည်းချို့ယွင်းချက်ဆိုတာ အစိုးရတွေ ကြုံရတတ်တဲ့ ဓမ္မတာပါပဲလို့ခံယူပြီး အချိန်မီ ကုစားလွန်မြောက်ကြပါတယ်။ မိမိတို့ ချို့ယွင်းအားနည်းချက်တွေကို မိမိကိုယ်ကိုမိမိ ဝေဖန်ရေးနဲ့ ပြင်ဆင်လွန်မြောက် တိုးတက်လာခဲ့ကြပါတယ်။

အစိုးရတွေရဲ့ အဓိကအချက်ဟာ ရိုးသားဖြောင့်မတ်စွာ ပြည်သူ့အကျိုးဆောင်ရွက်ကြဖို့ ဖြစ်တယ်။ Honesty is The best Policy ဖြစ်တယ်လို့ လူမှုသိပ္ပံပညာရှင်များက ဆိုပါတယ်။

လူတွေ ရှိနေသရွေ့ လူမှုပြဿနာတွေရှိနေမယ် ဖြစ်ပါတယ်။ ပြဿနာရှိတာ–မရှိတာ အဓိကမဟုတ်ပါ။ ပြဿနာဖြေရှင်းနည်းမှန်ဖို့သာ အဓိကဖြစ်ပါတယ်။ မှန်တဲ့ပြဿနာ ဖြေရှင်းနည်းတွေနဲ့သာ လူ့ကောင်းကျိုးတရားကို ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ တည်ဆဲအစိုးရတစ်ရပ် ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် အတိုက်အခံ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ အင်အားစုများအနေနဲ့လဲ အပြုသဘော ဝေဖန်အကြံပြုသွားဖို့သာ ဖြစ်ပါတယ်။ တည်ဆဲအစိုးရတစ်ရပ်ကို အဆိုးမြင်ရှုထောင့်က စောင့်ကြည့်ပြီး အကျပ်ဆိုက်ပျက်စီးအောင် ဖန်တီးဖယ်ရှားရေး ထုံးတမ်းစဉ်လာတွေ ကူးစက်ပြန့်ပွားနေရင်တော့ အစိုးရတိုင်းကို ဒီလိုပဲပျက်စီးအောင် ဖန်တီးဖယ်ရှားကြတဲ့ အဆိုးသံသရာတွေ လည်နေမှာပဲ ဖြစ်ပါတယ်။

**အစိုးရနဲ့ ပြည်သူဆိုတာ ရေမြင့်ကြာတင့်ဆိုသလို ဖြစ်နေတဲ့အတွက် အစိုးရတစ်ရပ်ရဲ့ ကောင်းကျိုးဆိုးပြစ်တွေဟာ ပြည်သူလူထုရဲ့ ကောင်းကျိုးဆိုးပြစ်ကို သက်ရောက်မြဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရနဲ့ ပြည်သူ၊ ပြည်သူနဲ့ အစိုးရတို့ဟာ လူ့အဖွဲ့အစည်း တစ်ခုတည်းတွင် ဆက်စပ်တည်ရှိနေလို့ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံအတွင်း ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို မိမိတို့ကိုယ်တိုင် ကြုံရသလို ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး အဖြေရှာလွန်မြောက်နိုင်မှသာ အပြုသဘောဆောင်တဲ့ ဒီမိုကရေစီထုံးတမ်းစဉ်လာတွေ၊ ဒီမိုကရေစီနည်းကျ အတိုက်အခံပြုမှုတွေ ရှင်သန်ထွန်းကားလာမယ် ဖြစ်ပါတယ်။**

ဆူပူအကြမ်းဖက်မှုတွေ ဖြစ်လာရင်၊ နိုင်ငံရေး မတည်ငြိမ်မှုတွေ ဖြစ်လာရင် မိမိတို့ရဲ့ နေ့စဉ်ဘဝဖြစ်တဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်လို့ဖြစ်စေ ထိခိုက်လာမယ်။ အဲဒီလို နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုနဲ့ ဆူပူအကြမ်းဖက်မှုတွေဟာ လူ့အဖွဲ့အစည်းရဲ့ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလနှင့် စာရိတ္တဗလ ဆိုတဲ့ ဗလငါးတန်ကို နိမ့်ကျစေပြီး ခေတ်နောက်ပြန်သာ ဆုတ်သွားစေပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီရေးနဲ့ ပိုလို့ပင် အလှမ်းဝေးသွားစေမှာ ဖြစ်ပါတယ်။

ဒီကနေ့ တည်ငြိမ်အေးချမ်းစွာ ဒီမိုကရေစီ နိုင်ငံတော်သစ်ထူထောင်နေသော မြန်မာနိုင်ငံမှာ နယ်စပ်ဒေသများပါ တည်ငြိမ်အေးချမ်းလာတဲ့အတွက် နိုင်ငံတော်အစိုးရဟာ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားရေးအတွက် အပြုသဘော ပိုမိုတိုးမြှင့် ဆောင်ရွက်လာနေပါတယ်။ အစိုးရအဖွဲ့အတွင်း လိုအပ်တဲ့ပြုပြင်မှုတွေကိုလဲ တိုးမြှင့်ဆောင်ရွက်လာခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့က အကျဉ်းသား ၃၉၃၇ ဦးကို ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲပေးခဲ့ပြီး စတင်လွှတ်ပေးခဲ့ပါတယ်။

နိုဝင်ဘာလ ၂၅ ရက်နေ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဒုတိယအကြိမ်အဖြစ် အကျဉ်းသား ၅၃၁၁ ဦးကို ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲပေးကြောင်း၊ ပထမအကြိမ် စေလွှတ်ပေးခဲ့သော အကျဉ်းသား ၃၉၃၇ ဦး အပါအဝင် စုစုပေါင်း ၉၂၄၈ ဦး ရှိသွားပြီးဖြစ်ကြောင်း သတင်းစာများတွင် ဖော်ပြခဲ့ပြီး၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲပေးခဲ့သော အကျဉ်းသား စုစုပေါင်း ၉၂၄၈ ဦးကို အားလုံးပြန်လည်စေလွှတ်ပြီး ဖြစ်ကြောင်း သတင်းစာများတွင် ယခုလို ဖော်ပြထားပါတယ်–

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက် (၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်)တွင် ဖျက်သိမ်းခဲ့ပြီး ဖြစ်ပါသည်။**

**အဆိုပါ အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများအနက် မလျော်မကန်သော ဆောင်ရွက်မှုများ ပါဝင်ကြောင်း သုံးသပ်ရရှိသဖြင့် ပထမအကြိမ်အဖြစ် အကျဉ်းသား ၃၉၃၇ ဦးကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်)တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် အကျဉ်းသား ၅၃၁၁ ဦးကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်)တွင်လည်းကောင်း စုစုပေါင်းအကျဉ်းသား ၉၂၄၈ ဦးကို ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲပေးခဲ့ရာ ယခုအခါ ပြစ်ဒဏ်ရပ်စဲခြင်းခံရသော အဆိုပါ အကျဉ်းသားအားလုံးကို အကျဉ်းစခန်းအသီးသီးမှ ပြန်လည်စေလွှတ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။**

ဒီအပေါ် ပြည်တွင်းပြည်ပက ကြည်နူးဝမ်းသာစွာ ကြိုဆိုခဲ့ကြပါတယ်။ ကုလသမဂ္ဂ အဖွဲ့ကြီးကလဲ အပြုသဘော ကြိုဆိုခဲ့ပါတယ်။ တည်ဆဲတပ်မတော်အစိုးရရဲ့ အခုလိုမွန်မြတ်တဲ့ ဆောင်ရွက်ရေးအစဉ်အပေါ်တွင်လဲ အမြင်ကြည်စွာ အားပေးထောက်ခံလာကြပါတယ်။ ဒါဟာ ခုနစ်ရက်သားသမီး ကြိုဆိုထောက်ခံရမယ့် မင်္ဂလာသတင်းလဲ ဖြစ်ပါတယ်။

ဒါပေမယ့် တပ်မတော်အစိုးရဲ့ အခုလို မွန်မြတ်တဲ့စေတနာနဲ့ နိုင်ငံ့အကျိုးရေးရှုဆောင်ရွက်မှုအပေါ် ပြည်ပမျှော် တစ်ကိုယ်ကောင်းဝါဒီ အချို့က မလိမ့်တစ်ပတ် တုံ့ပြန်ပုတ်ခတ်လာပါတယ်။ ပြည်ပရောက် အဆိုးမြင်အဖျက်သမားတွေကလဲ စစ်အစိုးရ အခုလိုအကျဉ်းသား ၉၂၄၈ ဦး လွှတ်ပေးလာရတာဟာ ပြည်ပဖိအားကြောင့်ဖြစ်တယ်၊ အကျပ်အတည်း ကြုံနေလို့ ထွက်ပေါက်ရှာတာဖြစ်တယ်၊ နိုင်ငံရေးကစားကွက်သာ ဖြစ်တယ်ဆိုပြီး ပြည်တွင်းပြည်ပမှ ကြိုဆိုထောက်ခံမှုနဲ့ ခုနစ်ရက်သားသမီးများ ကြည်နူးဝမ်းသာဖြစ်ကြရမှုကို ဖျက်လိုဖျက်ဆီး အဆိုးမြင်သက်သက် ဖန်တီးပြောဆိုနေကြပါတယ်။ Do good, and never mind to whom "ကောင်းတာလုပ်ပါ၊ ဘယ်သူကိုမှ ဂရုမစိုက်ပါနဲ့"ဆိုတဲ့ ဆောင်ပုဒ်ဟာ ဒီနေရာမှာ မှန်နေပြီဖြစ်ပါတယ်။

လူတွေဟာ အကောင်းကို အကောင်းလို့ မြင်တတ်ဖို့ လိုသလို အဆိုးကိုလဲ အဆိုးလို့ မြင်တတ်ဖို့လိုပါတယ်။ ဒါမှသာ အမြင်မှန်မယ်၊ အသိမှန်မယ်။ **အစိုးရက ဘယ်လောက်ပင်ကောင်းတာတွေလုပ်လုပ် အဖျက်လုပ်ရပ်နဲ့ ဆန့်ကျင်ဖျက်ဆီးနေမယ်ဆိုရင် အဖျက်သမားစာရင်းသွင်းပြီး ပြည်သူတို့ အကျိုးအတွက် တိုက်ဖျက်သွားရမှာပဲ ဖြစ်ပါတယ်။ တရားဥပဒေအရ တားဆီးအရေးယူသွားရမှာပဲ ဖြစ်ပါတယ်။ လက်တစ်ဆုပ်စာ အစုအဖွဲ့အရေးထက် တစ်နိုင်ငံလုံးအရေးကိုသာ ကိုယ်စားပြု ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။**

ဒီမိုကရေစီ အလျှံပယ်ရှိနေပါတယ်ဆိုတဲ့ အနောက်နိုင်ငံကြီးအချို့မှာပင် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ပြည်ဝင်ခွင့်ဗီဇာတွေကို အလေးပေးစစ်ဆေးနေရပြီ၊ လုံခြုံရေးဥပဒေတွေ ထုတ်ပြန်ဆောင်ရွက်နေရပြီ ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံ တည်ဆဲတပ်မတော်အစိုးရဲ့ စေတနာမှန်နဲ့ အမျိုးသားပြန်လည်သင့်မြတ် စည်းလုံးရေး၊ ဒီမိုကရေစီရေး ရှေးရှုပြီး နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသား ၉၂၄၈ ဦးပြန်လွှတ်ပေးနေတဲ့ အပြုသဘော ကြိုးပမ်းလာမှုများအပေါ် အဖျက်လုပ်ရပ်များနဲ့ တုံ့ပြန်နေမှုတွေဟာ အမျိုးသားရေး အကျိုးစီးပွားကို ရည်ရွယ်ချက်ရှိရှိနဲ့ ဖျက်ဆီးနေတဲ့ အဖျက်လုပ်ရပ်များသာ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ပါတယ်။ ။

အစိုးရနဲ့ ပြည်သူဆိုတာ ရေမြင့်ကြာတင့်ဆိုသလို ဖြစ်နေတဲ့အတွက် အစိုးရတစ်ရပ်ရဲ့ ကောင်းကျိုးဆိုးပြစ်တွေဟာ ပြည်သူလူထုရဲ့ ကောင်းကျိုးဆိုးပြစ်ကို သက်ရောက်မြဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရနဲ့ ပြည်သူ၊ ပြည်သူနဲ့ အစိုးရတို့ဟာ လူ့အဖွဲ့အစည်းတစ်ခုတည်းတွင် ဆက်စပ်တည်ရှိနေလို့ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံအတွင်း ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို မိမိတို့ကိုယ်တိုင် ကြုံရသလို ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး အဖြေရှာလွန်မြောက်နိုင်မှသာ အပြုသဘောဆောင်တဲ့ ဒီမိုကရေစီထုံးတမ်းစဉ်လာတွေ၊ ဒီမိုကရေစီနည်းကျ အတိုက်အခံပြုမှုတွေ ရှင်သန်ထွန်းကားလာမယ် ဖြစ်ပါတယ်။



**လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင်နှင့် ဆရာမများ၊ ဝန်ထမ်းများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က မြညီလာ ခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ အဋ္ဌမရရှိသည့် ခြောက်ဘာသာဂုဏ်ထူးရှင် မခင်ကြူကြူထွေးအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၏ ဇနီး ဒေါ်သဇင်နွယ်က ဆုချီးမြှင့်စဉ်။**
(မြန်မာ့အလင်း)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီဗဟို ရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် ဦးဇော်ဝင်းနှင့် သား သမီး၊ မြေးများ အမှတ်(၁၅) အနောက်မေခ လမ်းက အလှူငွေကျပ် လေးသိန်းငါးသောင်းကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးစိုးနိုင်နှင့် အဖွဲ့ဝင် ဦးမျိုးခင် တို့သို့ ပေးအပ် လှူဒါန်းစဉ်။** (က–ပ)

* ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧည့်သည်တော် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်းနှင့်အတူ အင်းလျားလမ်း တပ်မတော်ဧည့်ဂေဟာမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်တန်းဖြင့် ထွက်ခွာလာကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး လေဆိပ် အထူးဧည့်ခန်းဆောင်၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧည့်သည်တော် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်းအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေကို ပေးအပ်သည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

## ပို့ဆောင်နှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun၊ စစ်သံမှူး Senior Colonel, Ma Shoudong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကိုပေးအပ်စဉ်။** (သတင်းစဉ်)



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်း ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်း တပ်မတော်စစ်သမိုင်းပြတိုက်ကြည့်ရှုလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့် လိုက်ပါလျက် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်း ပြတိုက်သို့ ရောက်ရှိလာကြရာ တပ်မတော်စစ်သမိုင်းပြတိုက်မှ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

## ရှင်းလင်းပြသ

ထို့နောက် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းနှင့် အဖွဲ့ဝင်များအား တပ်မတော်စစ်သမိုင်းပြတိုက်မှ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း နှင့် တာဝန်ရှိသူများက တပ်မတော်စစ်သမိုင်းပြတိုက်ရှိ ပြခန်းများကို လှည့်လည်ရှင်းလင်းပြသကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းသည် တပ်မတော်စစ်သမိုင်းပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး တပ်မတော်စစ်သမိုင်းပြတိုက်မှ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းအား အမှတ်တရ လက်ဆောင်ပေးအပ်ကာ ပြတိုက်မှပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲတတိယနေ့ ဝယ်ယူအားပေးသူများဖြင့်အထူးစည်ကား

**ရန်ကုန် ဒီဇင်ဘာ ၅**

အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ငါးနိုင်ငံအကြား ကုန်သွယ်မှု မြှင့်တင်ရန် ငါးနိုင်ငံ၏ ပို့ကုန်ပစ္စည်းများ ဈေးကွက်ရရှိရန်၊ ငါးနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ရန်နှင့် ငါးနိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးမြှင့်ရန်ဟူသည့် ရည်ရွယ်ချက်များ ထားရှိကာ **‘ငါးနိုင်ငံအကျိုး ရှေးရှုသယ်ပိုး’** ဟူသော ဆောင်ပုဒ်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက ကြီးမှူးကျင်းပသော ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ပါဝင်သည့် ပထမအကြိမ်ငါးနိုင်ငံ ကုန်စည်ပြပွဲ–၂၀၀၄ ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာ၌ တတိယနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသရာ လာရောက်ကြည့်ရှု လေ့လာကြသူများ၊ ဝယ်ယူအားပေးကြသူများဖြင့် အထူးစည်ကားသည်။

## ခမ်းနားထည်ဝါစွာပြသထား

ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ–၂၀၀၄ ခင်းကျင်းပြသရာ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံ အဝင် မြေညီထပ်တွင် ရောင်စုံပန်းများ ဖူးပွင့်နေသည့် စင်မြင့်အထက်၌ ငါးနိုင်ငံအလံနှင့် ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ အထိမ်းအမှတ်တံဆိပ်တို့ကို ခမ်းနားထည်ဝါစွာ ဆင်ယင်ပြသထားသည်။

ထို့ပြင် ပြပွဲတွင် ပါဝင်ပြသကြသည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့၏ အမျိုးသားပြခန်းဆောင်များကို ထည်ဝါခံ့ညားသည့် မုခ်ဦးများဖြင့် တည်ဆောက်ပြသထားပြီး နိုင်ငံအလိုက် ထုတ်ကုန်ပစ္စည်းများနှင့် အနုပညာလက်ရာပစ္စည်း ပြကွက်များဖြင့် ခမ်းနားစွာ ခင်းကျင်းပြသထားသည်။

ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ–၂၀၀၄ တွင် ဝန်ကြီးဌာန ရှစ်ဌာန၊ ပြည်တွင်းကုမ္ပဏီ ၁၃၅ခုနှင့် ပြည်ပကုမ္ပဏီ ၂၀ အပါအဝင် အဖွဲ့အစည်းပေါင်း ၁၆၃ ခုတို့က ပြခန်းပေါင်း ၁၆၂ခန်းဖြင့် ပါဝင်ခင်းကျင်းပြသထားပြီး ဒီဇင်ဘာ ၄ရက်တွင် ပြည်သူငါးသောင်းခန့် လာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၄ရက်က ပြပွဲလာ ပြည်သူများ၏ ဝယ်ယူအားပေးမှုကြောင့် ဝန်ကြီးဌာနများက ငွေ ၁၄၁၃၄၉၈ ကျပ်၊ ပုဂ္ဂလိကကုမ္ပဏီများကငွေ ၁၀၇၂၁၇၄၁ ကျပ်၊ ပုလဲအရောင်းပြခန်းက ငွေကျပ် ၄၀၄၂၀၀နှင့် အမေရိကန်ဒေါ်လာ ၇၅ဒေါ်လာ၊ ပြည်ပကုမ္ပဏီများက ငွေကျပ် ၇၇၁၀၅၀ ဖိုး ရောင်းချပြီး စုစုပေါင်းရောင်းချရငွေမှာ ငွေကျပ် ၁၃၃၁၀၄၈၉ကျပ်နှင့် အမေရိကန်ဒေါ်လာ ၇၅ဒေါ်လာ ဖြစ်ကြောင်း သိရှိရသည်။

## ဝယ်ယူအားပေး

ပြပွဲ၌ အတွင်းပြခန်း ၂၇ခန်းဖြင့် ခင်းကျင်းပြသထားရာ ခန်းမကြီး၏ ပထမထပ်ရှိ မြန်မာ့ပုလဲ အရောင်းပြခန်း၌ မြန်မာ့ရွှေရောင်၊ ငွေရောင်ပုလဲများနှင့် ပုလဲလက်ဝတ်ရတနာများ ခင်းကျင်းပြသထားရာ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူအားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိသကဲ့သို့ မြေညီထပ်နှင့် ပထမထပ်ရှိ ပြည်ပကုမ္ပဏီ အရောင်းပြခန်းများ၌လည်း အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်နှင့် ရိုးရာ လက်ဝတ်တန်ဆာ နှင့် လည်ဆွဲတန်ဆာများကို နှစ်ခြိုက်စွာ ဝယ်ယူအားပေးကြသည်ကို တွေ့ရသည်။

ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ–၂၀၀၄ ကျင်းပရာ မြန်မာကွန်ဗင်းရှင်းစင်တာသို့ ယာဉ်လိုင်းအမှတ်(၇၉)နှင့် (၅၁)တို့သည် ပြည်လမ်းမှလည်းကောင်း၊ ယာဉ်လိုင်းအမှတ်(၁၀၂)၊ (၁၀၃)၊ (၉၆)၊ (၁၆၈) နှင့် (၂၂၄)တို့သည် ကျိုက်ဝိုင်းဘုရားလမ်းမှလည်းကောင်း ဝင်ရောက်ပြေးဆွဲပေးလျက်ရှိရာ ပြပွဲလာပြည်သူများ သွားလာမှု အဆင်ပြေလွယ်ကူ ချောမွေ့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ–၂၀၀၄ကို ဒီဇင်ဘာ ၆ ရက်တွင် စတုတ္ထနေ့အဖြစ် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက် ခင်းကျင်းပြသမည်ဖြစ်သည်။

**(သတင်းစဉ်)**


CLMTV ECS TRADE FAIR




**ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄**

ရန်ကုန်မြို့၊ မင်းဓမ္မလမ်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ

(၃–၁၂–၂၀၀၄ရက်မှ ၇–၁၂–၂၀၀၄ရက်အထိ)

# မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းမြင့်မားရေးဝိုင်းဝန်းကြိုးပမ်း ပြည်တွင်းသာမက ပြည်ပဈေးကွက်ရရှိရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၅

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဝင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုအနုပညာရှင်များ၊ အတတ်ပညာရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



### အမှာစကားပြောကြား

**ပြန် ကြား ရေး ဝန် ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ဗီဒီယို လုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟို ကော်မတီဝင်များ၊ ရုပ်ရှင်နှင့် ဗီဒီယို ဆင်ဆာအဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့် ဗီဒီယို အနုပညာရှင်များ၊ အတတ်ပညာရှင် များ တွေ့ဆုံပွဲအခမ်းအနားတွင် အမှာ စကားပြောကြားစဉ်။**

(သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန နှင့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဝင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရုပ်ရှင် နှင့် ဗီဒီယိုထုတ်လုပ်သူများ၊ ထူးချွန်ဆုရရုပ်ရှင်အနုပညာရှင်များနှင့် အတတ် ပညာရှင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ အတတ်ပညာရှင်များ ရုပ်ရှင်ရုံလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဈေးကွက်ရရှိရေး

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက် သုံးရပ်ရှိကြောင်း၊ ၎င်းတို့မှာ (၁)မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်မှု နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် မည်ကဲ့သို့ ဆောင်ရွက်ကြမည်၊ (၂) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ အဆင့်အတန်း၊ အရည်အသွေးမြင့်မားစေရန် မည်ကဲ့သို့ ဆောင်ရွက်ကြမည်၊ (၃) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ နိုင်ငံခြားသို့ ထိုးဖောက်ပြသဈေးကွက်ရရှိစေရန် မည်ကဲ့သို့ ဆောင်ရွက်ကြမည် ဆိုသည် တို့ကို အဖြေရှာရန်ဖြစ်ကြောင်း။

၎င်းရည်ရွယ်ချက်များ ရှိခဲ့သည်မှာ ယခုမှ မဟုတ်ကြောင်း၊ စတင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာလည်း ယခုမှ မဟုတ်ကြောင်း၊ မိမိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် စတင်တာဝန်ယူချိန်ကတည်းက နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရုပ်ရှင်လောက အဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်ရေးလမ်းညွှန်ခဲ့ပါကြောင်း၊ မိမိအနေဖြင့်လည်း ရုပ်ရှင်နှင့် ဗီဒီယိုလောက အဆင့်အတန်း အရည်အသွေးမြင့်မားအောင်၊ ပြည်တွင်းသာမက ပြည်ပကိုပါ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ပြသ ဈေးကွက်ရရှိနိုင်အောင် ဆောင်ရွက်ရေး အားသန်ခဲ့ကြောင်း၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအတွက် စေတနာလည်းထားခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း မိမိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်တာဝန်ယူပြီး တစ်ပတ်၊ နှစ်ပတ်အကြာ ရန်ကုန်မြို့ရှိ စံပြရုပ်ရှင်ရုံ ဖွင့်ပွဲ၌ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိ ကြသည့် ပုဂ္ဂိုလ်များကို စတင်ဆွေးနွေး မှာကြားမှုများ ပြုခဲ့ကြောင်း။

## အကြံပြုဆွေးနွေး

အလားတူပင် ၂၀–၁၂–၂၀၀၂ ရက်တွင်လည်း မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးမှ အမှုဆောင်များနှင့် တွေ့ဆုံပြီး ရုပ်ရှင်လောက ဖွံ့ဖြိုး တိုးတက်ရေး ဆွေးနွေးအကြံပြုခဲ့ကြောင်း၊ ၁၇–၅–၂၀၀၃ ရက်တွင်လည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမကြီး၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ အတတ် ပညာရှင်များနှင့် တွေ့ဆုံပြီး မြန်မာ့ရုပ်ရှင် တိုးတက်ရာ တိုးတက်ကြောင်း မည်သို့လုပ်သင့်သည်၊ မည်ကဲ့သို့လုပ်ကြလျှင် ကောင်းမည်ဆိုသည်ကို အကြံပြု ဆွေးနွေးပြောကြားခဲ့ဖူးကြောင်း၊ ထို့ပြင် ၂၀၀၁ ခုနှစ် ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားနှင့် ၂၀၀၂ ခုနှစ် ရွှေရတုရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားများတွင်လည်း ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကြံပြုမှာကြားခဲ့သည်ကိုလည်း အားလုံးမှတ်မိကြမည်ဟု ယုံကြည်ပါကြောင်း။

မြန်မာ့ရုပ်ရှင်နှင့် ရုပ်ရှင်လောကသားများ၏ အတိတ်သမိုင်း ထွန်းပြောင်ခဲ့ သကဲ့သို့ ယခုပစ္စုပ္ပန်နှင့် နောင်အနာဂတ်တွင်လည်း ရုပ်ရှင်လောကသမိုင်း ပိုမိုထွန်းပြောင်အောင်၊ ရုပ်ရှင် အဆင့်အတန်းပိုမိုမြင့်မားဖွံ့ဖြိုးအောင်၊ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည့် တာဝန်လည်း ရှိနေသည်ကို သတိပေးပြောကြားလိုကြောင်း။

## ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေး

ယနေ့အခြေအနေကို ကြည့်လျှင် မြန်မာနိုင်ငံသို့ ပြည်ပမှဝင်လာသည့် ရုပ်ရှင်ကားများ၊ ဗီဒီယိုတိပ်ခွေများ၊ ဗီဒီပြားများအထူးများပြားပါကြောင်း၊ စာရင်းမှတ်တမ်းများအရ ဖော်ပြရလျှင် ၁၉၈၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဗီဒီယို တိပ်ခွေနှင့်လေဆာဓာတ်ပြား ၄၀၇၉၃ ခု၊ ရုပ်ရှင်ကားပေါင်း ၇၇၁ ကားရှိ သည်ကို တွေ့ရကြောင်း၊ ယင်းတို့သည် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက အတွက် စိန်ခေါ်မှုများဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသား စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့အပေါ် စိန်ခေါ်မှု များလည်း ဖြစ်ကြောင်း၊ ၎င်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မှသာ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းနိုင်ကြမည်ဖြစ်ကြောင်း။

## ပံ့ပိုးဆောင်ရွက်ပေး

တစ်ဆက်တည်းမှာပင် ၎င်းအခြေအနေများနှင့်ဆက်စပ်နေသည့် ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာ၌ တွေ့ရှိချက် များကိုလည်း တင်ပြလိုကြောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဆိုသည်မှာ မြန်မာ့ရုပ်ရှင်ဗီဒီယိုဇာတ်ကားများကို စစ်ဆေးကြပ်မတ်ထိန်းသိမ်းနိုင်ရေး အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်ကြောင်း၊ ၎င်းအဖွဲ့အတွက် သတ်မှတ်ပေးထားသည့် ရည်ရွယ်ချက်များကို ကြည့်မည် ဆိုလျှင်–

(၁) မြန်မာ့ရုပ်ရှင်လုပ်ငန်းအဆင့်အတန်း ခေတ်မီတိုးတက်လာစေရေး ကြပ်မတ်ပံ့ပိုးဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ မြန်မာ့ ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးကိုလည်းကောင်း အကျိုးပြု စေမည့် မြန်မာရုပ်ရှင်ကားများ ပေါ်ထွန်းလာစေရေး ကြပ်မတ်ပံ့ပိုး ဆောင်ရွက်ရန်၊

(၃) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက် မြက်ရေးကို အထောက်အကူဖြစ်စေမည့် မြန်မာ့ရုပ်ရှင်ကားများ ပေါ်ထွန်းလာစေရေး ကြပ်မတ်ပံ့ပိုးဆောင်ရွက်ရန်၊

(၄) ထူးချွန်သည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်း လာစေရေးကြပ်မတ်ပံ့ပိုးဆောင်ရွက်ရန်နှင့်

(၅) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် ရုပ်ရှင်ဇာတ်ကားများကို တားဆီးပိတ်ပင်ရန်တို့ပင် ဖြစ်ကြောင်း။

၎င်းရည်ရွယ်ချက်များကို ကြည့်မည်ဆိုလျှင် ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာ အဖွဲ့သည်လည်း မြန်မာ့ရုပ်ရှင်လောကနှင့်ရုပ်ရှင်ဗီဒီယိုဇာတ်ကားများ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းအရည်အသွေးမြင့်မားကာ ကမ္ဘာ့အဆင့်မီအောင် တစ်ဖက်တစ်လမ်းက ပံ့ပိုးဆောင်ရွက်ပေးနေသည်ဆိုသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

မြန်မာ့ရုပ်ရှင်ဗီဒီယို ဇာတ်လမ်းဇာတ်ကွက်များနှင့်ပတ်သက်ပြီး ၎င်း ဆင်ဆာအဖွဲ့၏စစ်ဆေးတွေ့ရှိချက်ကို တင်ပြရပါက ဇာတ်လမ်းဇာတ်ကွက် များသည် သမားရိုးကျ ချစ်ကွဲညားသာဖြစ်ခြင်း၊ အနုပညာအရည်အသွေး၊ စက်မှုပိုင်းဆိုင်ရာ အရည်အသွေးမြင့်မားအောင် ကြိုးစားမှုမရှိဘဲ နိုင်ငံခြား ရုပ်ရှင်ကားများကို တစ်သဝေမတိမ်း ပုံတူကူးယူတင်ပြခြင်း၊ လက်ရှိပြသနေသည့် မြန်မာ့ရုပ်ရှင်ကား အောင်မြင်သွားလျှင် ယင်းကားနှင့်တူသည့် ဇာတ်လမ်း ကျောရိုး၊ စရိုက်လက္ခဏာများနှင့် ခပ်ဆင်ဆင်ဇာတ်လမ်းများတင်ပြကြခြင်း၊ ပြသပြီးကားများ၏ ဇာတ်လမ်းကျောရိုးအတိုင်းပုံတူကူးချပြီး အချိန်အခါနှင့် နေရာဒေသ ပြောင်းလဲတင်ပြခြင်းစသော အခြေအနေများကိုသာ ထပ်တလဲလဲ တွေ့နေရကြောင်း။

## ရုပ်ရှင်လောကတိုးတက်လာမည်

အလားတူ အပြောအဆို၊ အမူအရာ၊ ဝတ်စားဆင်ယင်မှုများနှင့် ပတ်သက်လျှင်လည်း ပြင်ဆင်ရန်ရှိနေသည်များကို များစွာတွေ့ရှိနေရကြောင်း၊ ထို့ကြောင့် ယနေ့ရွှေရတုလွန်ကာလ မြန်မာ့ရုပ်ရှင် ဗီဒီယိုအဆင့်အတန်းကို ကြည့်လျှင် ဇာတ်လမ်း ဇာတ်ကွက်ပိုင်း၊ တင်ပြ သရုပ်ဖော်မှုအပိုင်း၊ သရုပ်ဆောင်မှုအပိုင်း၊ ဝတ်စားဆင်ယင်မှုအပိုင်း၊ ထုတ်လုပ်သူအပိုင်း၊ စတူဒီယို စသည့်ရိုက်ကူးရေးအထောက်အကူပြုအပိုင်း၊ အသံ အရုပ် အရောင် စသော စက်မှုနည်းပညာပိုင်း၊ ပြသမှုအပိုင်းနှင့် ရုပ်ရှင်ရုံဝန်ဆောင်မှုစသည့် အပိုင်း အားလုံးတွင် အားနည်းမှုများ ရှိနေသေးခြင်း၊ မပြည့်စုံမှုများရှိနေခြင်း တို့ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၎င်းတို့ကို ပြုပြင်ဆောင်ရွက်နိုင်မှသာ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားလာပြီး ပြည်ပမှထိုးဖောက်လာသည့် မီဒီယာစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပကိုပါ ထိုးဖောက်ပြသနိုင်မှုအပါအဝင် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ယင်းတို့ကြောင့် ယနေ့ ရုပ်ရှင်လောကအလွှာစုံမှ ရုပ်ရှင်လောက သားများနှင့် တွေ့ဆုံသည့် အခမ်းအနားတွင် မိမိအနေဖြင့် ရုပ်ရှင်လောကတွင် ပြုပြင်ဆောင်ရွက်သင့်သည့် အချက်များကို အလေးအနက်မှာကြား အကြံပြု လိုကြောင်း၊ အဆိုပါအချက်များမှာ–

(၁) ဇာတ်လမ်း ဇာတ်ကွက်များ ဖန်တီးရာ၌ သမားရိုးကျ ချစ် ကွဲ ညားက ခွဲထွက်ပြီး၊ အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ် များဖြင့် သဘာဝကျကျ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဖန်တီးရမည် ဖြစ်ကြောင်း၊

(၂) ရုပ်ရှင်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒါရိုက်တာ၊ သရုပ်ဆောင်များနှင့်တကွ စက်မှုပိုင်းဆိုင်ရာ ဖန်တီးသူများအနေ ဖြင့်လည်း အရည်အသွေး ပိုမိုမြင့်မားအောင် ကြိုးပမ်းကြရမည် ဖြစ်ကြောင်း၊

(၃) ဝတ်စားဆင်ယင်ရာတွင်လည်း ခေတ်မီမှုကို လက်ခံရမည် ဖြစ်သော်လည်း မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် ဝတ်စား ဆင်ယင်မှုများ၊ သရုပ်ပျက် ဝတ်စားဆင်ယင်မှုများကိုမူ ရှောင်ရှား ရမည်ဖြစ်ကြောင်း၊

(၄) ထုတ်လုပ်သူများအနေဖြင့်လည်း အရည်အသွေး၊ အဆင့်အတန်း မြင့်မားသည့် ဇာတ်ကားများ ထုတ်လုပ်နိုင်မှသာ ရေရှည်အကျိုး စီးပွားဖြစ်ထွန်းမှာကို သဘောပေါက်ပြီး၊ အရည်အသွေး အဆင့် အတန်းမြင့် ဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်အောင် ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊

(၅) ရိုက်ကူးရေးပစ္စည်းများ၊ အသံဆိုင်ရာပစ္စည်းများ၊ ကူးဆေးမှု ဆိုင်ရာစက်များ ခေတ်မမီ၊ မလုံလောက်ပါကလည်း ပြည်ပနိုင်ငံ များမှ ငှားရမ်းရိုက်ကူးခြင်း၊ ဖက်စပ်ရိုက်ကူးထုတ်လုပ်ခြင်း များဖြင့် ကျော်လွှားနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊

(၆) ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောက အဆင့်အတန်း မြင့်မားစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ၊ Work Shop များ၊ သင်တန်းများနှင့် မပြတ်ကြိုးစားကြရမည် ဖြစ်ကြောင်း၊

(၇) ရုပ်ရှင်အတွေ့အကြုံနှင့် နည်းပညာသစ်များရရှိရန် မိတ်သစ်ဆွေသစ်၊ အဆက်အသွယ်သစ်များ ရရှိရန်၊ မြန်မာဇာတ်ကားများ ပြည်ပ ဈေးကွက် ထိုးဖောက်နိုင်ရန်အတွက် နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှီးနှောဖလှယ်ပွဲများသို့ တက်ရောက်နိုင်အောင် ကြိုးစား ကြရမည် ဖြစ်ကြောင်း၊

(၈) ရုပ်ရှင်ပြသခွင့်စနစ်ကိုလည်း “ယှဉ်ပြိုင်မှုမှသည် အဆင့်အတန်း အရည်အသွေးကို တိုးတက်စေမည့်” ပြသခွင့်နည်းလမ်းကို ရှာဖွေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

(၉) ရုပ်ရှင်ရုံများ ခေတ်မီအဆင့်အတန်း မြင့်မားလာစေရေးအတွက် လည်း ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊

(၁၀) သရုပ်ဆောင်ကဏ္ဍအပါအဝင် အခြားရုပ်ရှင်ဆိုင်ရာ ကဏ္ဍအားလုံး တွင် ကျွမ်းကျင်သူ ရုပ်ရှင်အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေး အတွက်လည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ယခုဆောင်ရွက် နေသည့် ရုပ်ရှင်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ရင်း ပိုမိုကျယ်ပြန့် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း၊

(၁၁) အဆင့်အတန်းမြင့်မားသော ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူး ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ ရောင်းချပြီး နိုင်ငံခြားငွေရှာဖွေကာ စတူဒီယိုများ တည်ဆောက်ခြင်းအပါအဝင် ခေတ်မီသည့် ရုပ်ရှင် ဆိုင်ရာ စက်ကိရိယာများ ဝယ်ယူတပ်ဆင်အသုံးပြုနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊

(၁၂) ရုပ်ရှင်လောကသားအားလုံး စည်းစည်းလုံးလုံး တိုင်တိုင်ပင်ပင် အတ္တ၊ ပရတွဲပြီး မျှမျှတတဆောင်ရွက်ခြင်းဖြင့် အခက်အခဲများကို ကျော်လွှားကာ ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လက်ရှိတွေ့ကြုံနေ ရသည့် **စာမျက်နှာ ၇ ကော်လံ ၁**

*စာမျက်နှာ ၆ မှ*

အားနည်းချက်များ၊ အခက်အခဲများကို ကျော်လွှားနိုင်ပြီး ဖွံ့ဖြိုးအောင်မြင်သော မြန်မာ့ရုပ်ရှင်ခေတ်ကို မလွဲတမ်း တက်လှမ်းနိုင်ကြမည်ဖြစ်သည်ဟု တိုက်တွန်းမှာကြားလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ရုပ်ရှင်လောကအဆင့်အတန်းမြင့်မား ဖွံ့ဖြိုးအောင်မြင်ရေးအတွက် အဖြစ်နိုင်ဆုံး အတတ်နိုင်ဆုံး ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

## လက်တွေ့အကောင်အထည်ဖော်

ထို့ကြောင့် ဤတွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရုပ်ရှင်လောကသားများကလည်း ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် အစည်းအဝေးပြီးသည့် အခါတွင်လည်း ရုပ်ရှင်အစည်းအရုံးက ကွပ်ကဲပြီး အလွှာအလိုက် အဖွဲ့များ ဖွဲ့စည်းကာ အလွှာလိုက် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြပြီး စာတမ်းများပြုစုသင့်ကြောင်း၊ ဤစာတမ်းကို ရုပ်ရှင်လောကသားအလွှာစုံပါဝင်သော နီးနှောဖလှယ်ပွဲ၊ Work Shop များတွင် ထပ်မံဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်ဟု တိုက်တွန်းမှာကြားလိုကြောင်း။

ယခုဆိုလျှင် ဝန်ကြီးဌာန၏ ကြိုးပမ်းတိုက်တွန်းမှု၊ လက်တွေ့ကူညီဆောင်ရွက်ပေးမှုဖြင့် ကာယကံရှင်များ၏ စွန့်စားကြိုးပမ်းဆောင်ရွက်မှုများကြောင့် မြန်မာရုပ်ရှင်ဇာတ်ကားတချို့ အဆင့်အတန်းအရည်အသွေးမြင့်မြင့်ဖြင့် ပြည်ပကို ထိုးဖောက်ပြသအောင်မြင်နေသည်ကို တွေ့ကြရပြီဖြစ်ကြောင်း၊ အလားတူ အဆင့်အတန်း အရည်အသွေးမြင့်မြင့်ဖြင့် ပြည်ပသို့ ထိုးဖောက်ပြသနိုင်အောင် ကြိုးပမ်းနေကြသည့် ထုတ်လုပ်သူတချို့နှင့်ဇာတ်ကားများရှိနေသည်ကိုလည်း ဝမ်းသာအားတက်ဖွယ်တွေ့ရှိနေရကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့်လည်း အတတ်နိုင်ဆုံးကူညီအားပေးမည်ဖြစ်သကဲ့သို့ ရုပ်ရှင်လောကသားများကလည်း မတွန့်မဆုတ် ဆက်လက်ကြိုးပမ်းကြပါဟု တိုက်တွန်းလိုကြောင်း။

## တက်တက်ကြွကြွပါဝင်

မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာမည်ဆိုလျှင် ကိုလိုနီခေတ်မှသည် ယခုခေတ်အထိ နိုင်ငံတော်၏ ကာကွယ်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အားတက်တက်ကြွကြွပါဝင်ခဲ့ကြသည်များကို သမိုင်းကသက်သေခံလျက်ရှိနေကြောင်း၊ ထို့ကြောင့် အတိတ်က မြန်မာ့ရုပ်ရှင်သမိုင်းသည် ထွန်းပြောင်ခဲ့ပြီး ခေတ်အဆက်ဆက်အမျိုးသားရေးတာဝန်များထမ်းရွက်ခဲ့ကြသကဲ့သို့ ယနေ့ကြိုးပမ်းအကောင်အထည်ဖော်နေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်—

- **မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်မှု နည်းပညာ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ အဆင့်အတန်း အရည်အသွေး မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ နိုင်ငံခြားသို့ထိုးဖောက်ပြသ ဈေးကွက်ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးတွင်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူများနှင့်အတူ ပါဝင်ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြပါ**

ဟုပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၁)ဦးကြီးမြင့်က မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

## အကြံပြုတင်ပြ

ဆက်လက်၍ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်သူများ၊ သရုပ်ဆောင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များက မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြရာတွင် ရုပ်ရှင်ထုတ်လုပ်သူများ ကိုယ်စား ဒေါ်မြင့်မြင့်ခိုင်၊ ဗီဒီယိုထုတ်လုပ်သူများကိုယ်စား မောင်မောင်ဦး(စနိုးပိုက်)၊ စက်မှုပညာရှင်များကိုယ်စား ဦးကြည်မင်းသိန်း၊ အမျိုးသမီးသရုပ်ဆောင်များ ကိုယ်စား ဒေါ်နွဲ့နွဲ့စန်း၊ အမျိုးသားသရုပ်ဆောင်များ ကိုယ်စား လူမင်း၊ ဒါရိုက်တာကြီးများ ကိုယ်စား မောင်နန္ဒနှင့် လူငယ်ဒါရိုက်တာများ ကိုယ်စား မောင်မျိုးမင်း(ရင်တွင်းဖြစ်)တို့က မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးအကြံပြုဆွေးနွေးတင်ပြကြသည်။

## ညှိနှိုင်းဆောင်ရွက်ပေးမည်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်နှင့် ဗီဒီယိုဒါရိုက်တာများ၊ တေးဂီတနှင့် အသံပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၏ အကြံပြုတင်ပြ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းမှာကြားရာတွင် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက အဆင့်အတန်းမြင့်မားရေးအတွက် ရှုထောင့်အသီးသီးမှ အကြံပြုဆွေးနွေးတင်ပြချက်များသည် လွန်စွာမှ ကောင်းမွန်ပါကြောင်း၊ ယနေ့ဆွေးနွေးချက်များသည် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက် အလားအလာကောင်းများဖြစ်ကြောင်း၊ တူညီသောရည်ရွယ်ချက်များဖြစ်၍ လုပ်ကိုင်ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်မပျောက်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားရန် လိုကြောင်း၊ အများနှင့်လုပ်ဆောင်ရသည့်လုပ်ငန်းများဖြစ်၍ အခက်အခဲများရှိနိုင်ကြောင်း၊ ယင်းအခက်အခဲများကြားမှ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုအဆင့်အတန်းမြင့်မားရေးကို အလေးပေးစဉ်းစားဆောင်ရွက်သွားရန်လိုမည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုအဆင့်အတန်းမြင့်မားတိုးတက်စေရေးအတွက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနက ပံ့ပိုးပေးနိုင်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ပေးရန်ရှိသည်များကိုလည်း ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိပြောကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကွပ်ကဲပြီး အလွှာအလိုက် အဖွဲ့များ ဖွဲ့စည်းကာ အလွှာလိုက် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြပြီး စာတမ်းများပြုစုခြင်း၊ ရုပ်ရှင်လောကသားအလွှာစုံပါဝင်သည့် နီးနှောဖလှယ်ပွဲ၊ Work Shop များပြုလုပ်၍ မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းမြင့်မားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက အဆင့်အတန်းမြင့်မားရေး ဆောင်ရွက်ကြရာတွင် တွေ့ကြုံရမည့်အခက်အခဲများကို ရုပ်ရှင်လောကသားများက ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ဖြင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြလျှင် မုချအောင်မြင်မည်ဖြစ်ကြောင်း၊ အနာဂတ်မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုပ်ရှင်လောကသားများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသွားပြီး မွန်းလွဲပိုင်းတွင် တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

---

ဒီဇင်ဘာ ၄ရက်က နီပေါနိုင်ငံတွင် ကျင်းပသည့် ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ **အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ** ဘဒ္ဒန္တ ကုဏ္ဍလဇောတိနှင့် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိဦးဆောင်သော မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)



---

# ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရွှေတိဂုံပုံတူ "ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်" လုပ်ငန်းခွင်စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၅

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အတူ ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့ အဝင် ဝိဇယဘူမိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်မည့် ဉာဏ်တော်အမြင့် ၁၃၅ပေရှိ ရွှေတိဂုံပုံတူ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်မှ သာသနာ့ဗိမာန်တော်ကြီးသို့ရောက်ရှိပြီး သာသနာ့ဗိမာန်တော်ကြီးအတွင်း ယာယီကိန်းဝပ်စံပယ်တော်မူနေသည့် ပတ္တမြားမျက်ရှင် အဘယမုဒ္ဒြာကြေးသွန်းရုပ်ပွားဆင်းတုတော်ကြီးနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညိုသည်။**

## ဖူးမြော်ကြည်ညို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်များ၊ သတ္တဌာန မူလဌာပနာသွင်း အခမ်းအနားတွင် ပိတ်သွင်းလှူဒါန်းမည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ဌာပနာတော်များကို လှည့်လည်ဖူးမြော်ကြည်ညိုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် စေတီတော်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ ပေ ၉၀ အမြင့်ရှိ တံခွန်တိုင်အား သံကူကွန်ကရစ်များဖြင့် တည်ဆောက်နေမှုအခြေအနေကို လည်းကောင်း၊ သတ္တဌာန မူလဌာပနာ ပိတ်သွင်းမင်္ဂလာပြုလုပ်မည့်နေရာသို့ လည်းကောင်း၊ စေတီတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောက်ရွက်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# စာဆိုတော်နေ့အထိမ်းအမှတ်စာအုပ်ဈေးပွဲတော် ဒုတိယဝန်ကြီးဦးသိန်းစိန် ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၆၆ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ကို တတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ဆက်လက် ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် လာရောက်ကြည့်ရှုအားပေးသည်။

စာအုပ်ဈေးပွဲတော်တွင် စာပေတိုက် ၄၈တိုက်က ဆိုင်ခန်းပေါင်း ၇၆ခန်း၌ သုတ၊ ရသစာအုပ်မျိုးစုံကို ခင်းကျင်းပြသရောင်းချလျက်ရှိရာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်းမှ ကြီးကြပ်သူများနှင့် သင်တန်းသား ၂၀၀ကျော်နှင့် စာပေမြတ်နိုးသူ ရပ်ရှင်လူ ပြည်သူလူထု ၉၀၀၀ကျော် လာရောက်ကြည့်ရှု လေ့လာဝယ်ယူကြပြီး ယနေ့စာအုပ်ရောင်းချငွေ စုစုပေါင်းမှာ ငွေကျပ် ၂၄သိန်းကျော် ဖြစ်သည်။

**(သတင်းစဉ်)**

---

## မြန်မာ့ရုပ်မြင်သံကြား

**၆-၁၂-၂၀၀၄(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ ကံတင်ဘီးလင်း ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Islands of Dhamma.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး (ဆိုင်း)
- ၁၇:၄၀ ၈။ မြန်မာ့ရိုးရာ တောလေ့ကျေးလက်တေးသံများ
- ၁၇:၅၀ ၉။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈:၀၅ ၁၀။ Discovery.
- ၁၈:၁၀ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၄၇)
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ တေးဂီတအစီအစဉ်
- ၁၉:၁၅ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၁၉:၃၀ ၁၆။ အမျိုးသားနေ့တေးများ
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၁၈)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

---

## မြဝတီရုပ်မြင်သံကြား

**၆-၁၂-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် The Study of Proposition I (ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း) (ပထမနှစ်)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ ဒဏ္ဍာရီ"** (အပိုင်း-၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး၊ ဘုန်းမီးနေလ"**(အပိုင်း-၂)

# ငြိမ်းချမ်းရေးလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးခြင်းအပေါ် များစွာဂုဏ်ယူ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည်အထိ ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်

✻ ကျောဖုံးမှ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား မကွေးလေဆိပ်မှ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တပ်မတော်အရာရှိကြီးများနှင့် မကွေးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြန်မာ့လေကြောင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး နံနက် ၁၁နာရီတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် နားနေဆောင်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့သို့ မွန်းလွဲ၁၂နာရီခွဲတွင် ရောက်ရှိကြသည်။

## တိုင်းရင်းသားခေါင်းဆောင်များကြိုဆို

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အထူးဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ရွှေလီဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

## တစ်ဖွဲ့ချင်းတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မွန်းလွဲ ၁နာရီခွဲတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)မှကိုးကန့်တိုင်းရင်းသား ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ 'ဝ' တိုင်းရင်းသား ခေါင်းဆောင်များ၊ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၅)မှ ကချင်တိုင်းရင်းသား ခေါင်းဆောင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)မှ ပလောင် တိုင်းရင်းသား ခေါင်းဆောင်များနှင့် မန်ပန်ပြည်သူ့စစ်၊ မုံးဟင်၊ မုံးဟ ပြည်သူ့စစ်တို့မှ ခေါင်းဆောင်များအား တစ်ဖွဲ့ချင်းတွေ့ဆုံသည်။

## ပူးပေါင်းဆောင်ရွက်

ပထမဦးစွာ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၁) ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးဖုန်ကြာဖူး၊ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ဦးကျန်တဲဝမ်နှင့် ဦးစစ်ဆန်းတို့အား တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အနေဖြင့်ဥပဒေဘောင်အတွင်း ရောက်ရှိနေပြီဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ မူဝါဒသဘောထားပြောင်းလဲမှုမရှိဘဲ ယခင်အစဉ်အလာများအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဥပဒေဘောင်အတွင်းမှ ကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

## ခိုင်ခိုင်မြဲမြဲကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်ရင်း ပြည်သူများလိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်ပြည့်မြောက်သည်အထိ ခိုင်ခိုင်မြဲမြဲ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်ပြီး အရေးအကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ပါမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း၊ ပြည်သူလူထု၏ ဆန္ဒသဘောထားဖြင့် အတည်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများ ကျင်းပခြင်း စသည့် ကျန်လုပ်ငန်းအဆင့်များ အောင်မြင်ချောမွေ့မှာ ဖြစ်ကြောင်း။

## နိုင်ငံတော်ကအသိအမှတ်ပြု

ကိုးကန့်ဒေသ တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် အမျိုးသားညီလာခံလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းရေးအတွက် အပြုသဘောဖြင့် ပါဝင်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်နေသည်ကို နိုင်ငံတော်က အသိအမှတ်ပြုပါကြောင်း။

ကိုးကန့်ဒေသအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းဆောင်ရွက်မှုများသည် သမိုင်းမှတ်တမ်းတင်ရမည့် ဆောင်ရွက်မှုများဖြစ်သကဲ့သို့ ကိုးကန့်ဒေသကို မိမိတို့သားသမီးမြေးမြစ်များလက်ထက်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် နယ်မြေအဖြစ် ဆက်လက်ဖြစ်ထွန်းနေစေမည့် စွမ်းဆောင်ချက်များလည်း ဖြစ်ကြောင်း။

ဒေသအကျိုး၊ ဒေသခံပြည်သူများအကျိုးနှင့် နိုင်ငံတော်၏အကျိုး ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်အစိုးရက မူဝါဒသဘောထားပြောင်းလဲမှုမရှိဘဲ ဆက်လက်ကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

## ပန်းတိုင်ရောက်ရေး

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်က မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါးလုံးဝပပျောက်သွားသည်အထိ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက မိမိတို့အပေါ် ထားရှိသော စေတနာ၊ မေတ္တာများကြောင့် နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ ယခုကဲ့သို့ လာရောက်ရှင်းပြခြင်း၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခြင်းအပေါ် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲပြီး နိုင်ငံတော်ကချမှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများကို ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်အား ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) 'ဝ' ငြိမ်းချမ်းရေးအဖွဲ့မှ ဗဟိုကော်မတီဝင် ဦးပေါ်လိုက်ခမ်းနှင့် ဦးအောင်မြင့်တို့အား တွေ့ဆုံရာတွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က 'ဝ' ဒေသ တိုင်းရင်းသား အဖွဲ့အစည်းအနေဖြင့် မိမိတို့ အဖွဲ့အစည်း၏ သဘောထားကို ထုတ်ပြန်ကြေညာခဲ့ရာ၌ နိုင်ငံတော်အစိုးရနှင့်ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးဆုံးပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင် ပြည့်မြောက်သည်အထိ ဆက်လက် ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အတိအလင်း ထုတ်ဖော် ကြေညာထားပြီး ဖြစ်ကြောင်း။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁) ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်နှင့်အဖွဲ့အား လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂) 'ဝ'ငြိမ်းချမ်းရေးအဖွဲ့ဗဟိုကော်မတီဝင်ဦးပေါ်လိုက်ခမ်းနှင့်ဦးအောင်မြင့်တို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃) ရှမ်းငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးလွယ်မောင်းအား လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)



### ဆက်လက်ပူးပေါင်းမည်

နိုင်ငံတော်အပိုင်းကလည်း တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ထားရှိသည့် မူဝါဒသဘောထားပြောင်းလဲမှုမရှိဘဲ ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ရာ တစ်ဦး၏သဘောကို တစ်ဦးက နားလည်သဘောပေါက်ပြီးသည့် အခြေအနေဖြစ်ကြောင်း၊ ထို့ကြောင့် ရည်မှန်းချက် အောင်မြင်သည်အထိ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂) 'ဝ'ငြိမ်းချမ်းရေးအဖွဲ့မှ ဦးပေါ်လိုက်ခမ်းက ယခုကဲ့သို့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများကိုယ်တိုင် လာရောက်ရှင်းလင်း ပြောကြားသဖြင့် ကျေးဇူးတင်ပါကြောင်းနှင့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည်အထိ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရှေ့ဆက်လက်၍လည်း နိုင်ငံတော် အစိုးရ၏ဦးဆောင်မှုအောက်တွင် စည်းလုံး ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ဆောင်ပစ္စည်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) 'ဝ' ငြိမ်းချမ်းရေးအဖွဲ့မှ ဦးပေါ်လိုက်ခမ်းအား ပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃) ရှမ်းငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌဦးလွယ်မောင်း၊ ဒုတိယဥက္ကဋ္ဌဦးကိုင်ဖနှင့် ဦးစိုင်းစွန့်၊ ဦးရုံခေးတို့အား တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ယခင် အစဉ်အလာများအတိုင်း ဆက်လက် ကူညီစောင့်ရှောက် ပူးပေါင်းဆောင်ရွက်သွားမည့် နိုင်ငံတော်၏ သဘောထား၊ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးမှ အစပြုသည့် မူဝါဒ လမ်းစဉ်(၇)ရပ် ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းသည်အထိ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃) ရှမ်းငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးလွယ်မောင်းနှင့် အဖွဲ့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဒေသအကျိုး၊ဒေသခံပြည်သူများအကျိုးနှင့်နိုင်ငံတော်အကျိုးဖြစ်ထွန်းရေး နိုင်ငံတော်အစိုးရကဆက်လက်ကူညီပံ့ပိုးပူးပေါင်းဆောင်ရွက်မည် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်ရေးကြိုးပမ်းရန်လို



ဒေသ(၃) ရှမ်းငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွယ်မောင်းနှင့်အဖွဲ့အား ပေးအပ်သည်။

### ဆက်လက်ကူညီသွားမည်

ဆက်လက်၍ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅) ကချင်ငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌဦးမထုနော်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ယွန်နှင့် အထွေထွေအတွင်းရေးမှူး ဦးဇော်ဆိုင်းတို့အား တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေဘောင်အတွင်း ရောက်ရှိပြီးဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ထားရှိသည့် သဘောထား၊ နိုင်ငံတော် ရှေ့ဆက်

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကချင် ငြိမ်းချမ်းရေး အဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်က နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကချင်ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်အား ပေးအပ်သည်။

ဆက်လက်၍ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇) ပလောင်ငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့နှင့် တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်

### နိုင်ငံတော်နှင့်ပူးပေါင်းမည်

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇) ပလောင်ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးအိုက်မုန်းက နိုင်ငံတော်၏ အဓိကအကျဆုံး၊ အရေးကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည်အထိ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များ အပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများကို ပလောင်ငြိမ်းချမ်းရေး အဖွဲ့ဥက္ကဋ္ဌ ဦးအိုက်မုန်းအား ပေးအပ်သည်။

ဆက်လက်၍ မန်ပန်ပြည်သူ့စစ်မှ ဦးစိုင်းမွန်း၊ မုံးဟင်၊ မုံးဟပြည်သူ့စစ်မှ ဦးလောမားတို့အား တွေ့ဆုံရာတွင်

**ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌တွေ့ဆုံ**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကချင်ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်နှင့်အဖွဲ့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇) ပလောင်ငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇) ပလောင်ငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ်။** (သတင်းစဉ်)



ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃) ရှမ်းငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးလွယ်မောင်းက နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှုကို လေးစားယုံကြည်ပါကြောင်းနှင့် ကျေးဇူးတင်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လက်ဆောင်ပစ္စည်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူး

သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြည့်မြောက် အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်သန္နိဋ္ဌာန်တို့ လုံးဝ ပြောင်းလဲမှုမရှိဘဲ တိုင်းရင်းသား အဖွဲ့အစည်းများကို ဆက်လက် ကူညီစောင့်ရှောက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အစိုးရ၏မူဝါဒများကို နှစ်ခြိုက်ယုံကြည်သက်ဝင်သဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြခြင်း ဖြစ်သည်နှင့်အညီ နိုင်ငံတော်အပိုင်းကလည်းချမှတ်ထားပြီးဖြစ်သည့် အမျိုးသားရေးမူဝါဒများအတိုင်း ဆက်လက်ကူညီပံ့ပိုးပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ အထူးသဖြင့် ဒေသခံ

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

# အမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆို

မိုးထက်မြင့်
( မြစ်ဝကျွန်းပေါ် )

**“ထီးသုဉ်းနန်းသုံး၊ ကြငှန်းသုံးနှင့်
မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်
သုဉ်းရပြန်လစ်၊ လူဖြစ်ရလေ
တို့တစ်တွေသည်---
သေသော်မှတည့် ဩော်-ကောင်း၏။ ။”**

(ဆီးဘန်းနီ ဆရာတော်)

မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၁၀ရက်(၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၆ရက်နေ့)သည် မြန်မာတို့၏ (၈၄)နှစ်မြောက် အမျိုးသားနေ့ဖြစ်သည်။

လွန်ခဲ့သော (၈၄)နှစ်တာ ကာလကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုအောက် ကျရောက်နေပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ညှိုးနွမ်းခဲ့ရသည်။ မြန်မာတိုင်းရင်းသားအားလုံးသည် နယ်ချဲ့တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဖိနှိပ်ချုပ်ချယ်သွေးခွဲအုပ်ချုပ်မှုကြောင့် ကိုလိုနီအုပ်ချုပ်ရေးစနစ်၏ ဆိုးမွေများကို ပြင်းပြင်းထန်ထန်ခါးစည်းခံနေရသောအချိန်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့သည် ကျွန်ပညာရေးစနစ်ကို အခြေခံ၍ ရန်ကုန်တက္ကသိုလ်ကို ထူထောင်ပေးခဲ့ပြီး ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ ၁ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။ ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ ၅ရက် (မြန်မာသက္ကရာဇ်၁၂၈၂ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့)တွင် ထိုရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အမျိုးသားရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သော လူငယ်များက ဆန့်ကျင်ကန့်ကွက် ခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့တို့၏ ပညာရေးစနစ်မှာ ကျွန်ပညာရေးစနစ်သာဖြစ်သည်။ ကိုလိုနီအုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရေးအတွက် လိုအပ်သော စာရေး၊ စာချီ၊ မြို့အုပ်၊ ဝန်ထောက်များကို ကိုလိုနီပညာရေးစနစ်က လိုအပ်သလိုပုံသွင်းပြီး မွေးထုတ်ပေးသည်။ စာရေး၊ စာချီနှင့် အောက်တန်း အရာရှိလောက်သာဖြစ်လာနိုင်သော ထိုကိုလိုနီပညာရေးကိုပင် တိုင်းရင်းသားတို့အား ဖောဖောသီသီပေးသည် မဟုတ်ပေ။ မြန်မာတိုင်းရင်းသား ပညာတတ်များ မတိုးပွားရလေအောင် အထက်တန်းပညာကို အကန့်အသတ်ဖြင့်သာ သင်ကြားစေသည်။ တိုင်းရင်းသားတို့ အသိအမြင် ပွင့်လင်းလာမည်ကို စိုးရိမ်ပြီး အဘက်ဘက်က တားဆီးပိတ်ပင်ထားခဲ့သည်။

ယင်းသို့သော ကိုလိုနီနယ်ချဲ့တို့၏ ကျွန်ပညာရေးစနစ်ကို မျိုးချစ်မြန်မာတို့က လက်မခံခဲ့ကြပေ။

မျိုးချစ်မြန်မာတို့ ရည်မှန်းသော အမျိုးသားပညာရေး၏ ရည်ရွယ်ချက်သည် တိုင်းပြည်တိုးတက်ကြီးပွားရာကြီးပွားကြောင်း ပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသော ပညာရပ်များကို သင်ကြားရန်၊ မြန်မာစာနှင့်တကွ မြန်မာ့ယဉ်ကျေးမှုအစုစုတို့ကို ပြုစုပျိုးထောင်ပေးရန်နှင့် အမျိုးသားစိတ်ဓာတ်များ နိုးကြားတက်ကြွလာစေရန်တို့ပင် ဖြစ်သည်။

အမိမြန်မာနိုင်ငံကိုချစ်ရန်၊ အမိမြန်မာနိုင်ငံအတွက် အရေးကြီးသောကိစ္စများတွင် ကိုယ်ကျိုးစွန့်ရန်၊ နိုင်ငံနှင့် လူမျိုးအတွက် မွန်မြတ်သောတာဝန်များကို အားလုံးက မဖြစ်မနေ ထမ်းဆောင်ရန်၊ အမျိုးကိုချစ်သော စိတ်ဓာတ်ဖြင့် ကိုယ်ကျိုးစွန့်လွှတ်ပြီး အမျိုးသားလွတ်မြောက်ရေး (လွတ်လပ်ရေး) ရရှိအောင် ကြိုးပမ်းရန်တို့သည် အမျိုးသားကျောင်းများ၏ ရည်ရွယ်ချက်များ ဖြစ်ခဲ့သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကိုလိုနီနယ်ချဲ့တို့၏ ကျွန်ပညာရေးကို ဆန့်ကျင်ခဲ့ကြပြီး အမျိုးသားကျောင်းများ ပေါ်ပေါက်လာသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွ မြင့်မားလာခဲ့ကြသည်။

ထိုစဉ်က မြန်မာနိုင်ငံ၏ သစ်တော၊ ရေနံ၊ ကျောက်မျက်ရတနာ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နယ်ချဲ့နှင့် နယ်ချဲ့လက်ဝေခံ နိုင်ငံခြားသားများ လာရောက်ချုပ်ကိုင် အမြတ်ထုတ်ခဲ့ကြသည်။ မြန်မာ့လယ်ယာမြေတွင် ချစ်တီးများကို သွတ်သွင်းပြီး ကုပ်သွေးစုပ်စေခဲ့သဖြင့် မြန်မာတောင်သူလယ်သမားတို့မှာ အချိန်တန်က ကောက်ဆွနှင့်ဆန်ကောသာကျန်၍ နယ်ချဲ့လက်ဝေခံများက လယ်သိမ်း၊ ယာသိမ်း၊ လှည်းသိမ်း၊ နွားသိမ်း၊ နောက်ဆုံး သမီးကညာပါ သိမ်းသည့်ခေတ်ဖြစ်ခဲ့ပြီး မြန်မာ့စီးပွားရေး အောက်တန်းနောက်တန်းကျနေခဲ့ရသည့်အချိန် ဖြစ်သည်။

ကိုလိုနီပညာရေးစနစ်သည် တစ်မျိုးသားလုံးအတွက် အကျိုးမရှိ အရာမထင်ခဲ့ပေ။ လခစား ဖြစ်ရုံလောက်သာ ရည်ရွယ်သည့် ပညာရေးဖြစ်ခဲ့ချေသည်။ ထိုစဉ်ကပင် နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက် လုပ်ကိုင်ကြီးပွားနေသော သတ္တုတွင်းနှင့် သစ်တောစသည့်ကဏ္ဍများကို တိုင်းရင်းသားများကိုယ်တိုင် စီမံလုပ်ကိုင်နိုင်ရန် ရည်ရွယ်ခဲ့သည်။ မြန်မာလူမျိုးတို့အတွက် ဘာသာရေးနှင့်မြန်မာစာပေ၊ မြန်မာနိုင်ငံသမိုင်း၊ မြန်မာ့ယဉ်ကျေးမှုအစုစုတို့ကို နယ်ချဲ့ကျောင်းများတွင် အရေးမပေး အလေးမထားခဲ့သဖြင့် အမျိုးသားကျောင်းများ သီးခြားဖွင့်လှစ်ပြီး ယင်းပညာရပ်များ ဖွံ့ဖြိုးစေအံ့ဟု ရည်မှန်းခဲ့ကြသည်။ ပြည်သူ့နီတိကိုလည်း လူငယ်များအား သင်ကြားပို့ချရန် ရည်ရွယ်ခဲ့သည်။

**ကိုလိုနီပညာရေးစနစ်သည် ကျွန်စိတ်သွင်းပေးသော ပညာရေးဖြစ်သည်။ ဤကျွန်စိတ် ပျံ့နှံ့ကူးစက်လာသည်နှင့် အမျှ တစ်မျိုးသားလုံး ပျက်သုဉ်းရတော့မည့်ကိန်းဆိုက်ခဲ့သည်။ ထို့ကြောင့် ယင်းကျွန်စိတ်ကို ပယ်လှန်ခွာချကာ အမျိုးသားရေး ဦးတည်ချက်များ ထမြောက်အောင်မြင်စေရန် အမျိုးသားကျောင်းများကို တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။**

အမျိုးသားကျောင်းများက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဒူးကိုယ်ချွန် စိတ်ဓာတ်ရှိသော ကျောင်းသား၊ ကိုယ့်သိက္ခာကိုယ် စောင့်ထိန်းသော ကျောင်းသားနှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသော ကျောင်းသားလူငယ်များကို မွေးထုတ်ပေးရန် ရည်ရွယ်ခဲ့သည်။ ထိုစဉ်က နယ်ချဲ့တို့၏ အင်္ဂလန်နှင့်အခြားနိုင်ငံများတွင် အထက်ပါ ရည်မှန်းချက်များနှင့်အညီ ပညာသင်ကြားရေးစနစ်ကို ကျင့်သုံးနေလျက်ရှိသည်။ ထို့ကြောင့် အမျိုးသားကျောင်းများကလည်း ဤရည်မှန်းချက်အတိုင်း ထားရှိကာ ထိုနိုင်ငံများနှင့် ရင်ပေါင်တန်းရပ်တည်နိုင်အောင် ရည်ရွယ်ဆောင်ရွက်ခဲ့ကြသည်။

ကိုလိုနီပညာရေးစနစ်တွင် ပညာတတ်နည်းနိုင်သမျှ နည်းအောင် စီမံထားပြီး အသက်မွေးဝမ်းကျောင်းပညာများကို ဖြစ်ဖြစ်မြောက်မြောက် သင်ကြားမပေးခဲ့ချေ။ အမျိုးသားပညာရေးစနစ်တွင်မူ အသက်မွေးဝမ်းကျောင်းပညာကိုပါ ထိရောက်စွာ သင်ကြားပေးသည်။

ဤသို့ဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိသော၊ မျိုးချစ်စိတ်ဓာတ်ထက်မြက်ရှင်သန်သော မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးလာနိုင်သော အမျိုးသားပညာရေးစနစ် အားကောင်းလာခဲ့သည်။ မျိုးချစ်ပညာတတ် လူငယ်များက အမျိုးသားရေးလှုပ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့ကြသည်။

**“ယနေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတွင် အမျိုးသားရေးလှုပ်ရှားမှုကြီးအဖြစ် စတင်ခဲ့သည့် (၈၃)နှစ်မြောက် အမျိုးသားနေ့ဖြစ်ပါသည်။ မြန်မာ့လွတ်လပ်ရေးပန်းတိုင်သို့ အရှိန်အဟုန်ဖြင့် တက်လှမ်းနိုင်မည့် အမျိုးသားရေးလှုပ်ရှားမှုကြီးကို စတင်ခဲ့သည့် နေ့တစ်နေ့အဖြစ် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အစဉ်မော်ကွန်းတင်လျက် ရှိနေမည်ဖြစ်ပါသည်။**

**မြန်မာတို့သည် ယဉ်ကျေးမှုအစဉ်အလာနှင့် စာပေအဆင့်အတန်း မြင့်မားသူများဖြစ်သကဲ့သို့ သမိုင်းစဉ် တစ်လျှောက်လုံးတွင် တိုင်းတစ်ပါးက ထိပါးကျူးကျော် လာမှုမှန်သမျှကို ခေါင်းငုံ့မခံဘဲ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ခဲ့ကြသည်ချည်းသာ ဖြစ်ပါသည်။ မြန်မာ့သမိုင်းတွင် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသော်လည်း မြန်မာတိုင်းရင်းသားအားလုံး၏ ထက်မြက်မြင့်မားသည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များကို အရင်းခံလျက် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြင့် သမိုင်းသက်သေတည်ခဲ့ပြီး ဖြစ်ပါသည်။”**

ဟူ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော (၈၃)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာတွင် ဖော်ပြထားပါသည်။

မျက်မှောက်ခေတ်တွင် ၁၉၈၈ခုနှစ် နောက်ပိုင်း၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သော ပညာရေးမြှင့်တင်မှုအစီအစဉ်များကို အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှစ၍ ပညာရေးကဏ္ဍ၊ ဆေးပညာသင်ကြားရေးကဏ္ဍနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍတို့တွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀ နှစ်ရှည် စီမံကိန်းလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက် ရှိနေပြီဖြစ်သည်။

ကိုလိုနီပညာရေးစနစ်သည် ကျွန်စိတ်သွင်းပေးသော ပညာရေးဖြစ်သည်။ ဤကျွန်စိတ် ပျံ့နှံ့ကူးစက်လာသည်နှင့်အမျှ တစ်မျိုးသားလုံး ပျက်သုဉ်း ရတော့မည့်ကိန်းဆိုက်ခဲ့သည်။ ထို့ကြောင့် ယင်းကျွန်စိတ်ကို ပယ်လှန်ခွာချကာ အမျိုးသားရေး ဦးတည်ချက်များ ထမြောက်အောင်မြင်စေရန် အမျိုးသားကျောင်း များကို တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များအရ အခြေခံပညာကဏ္ဍတွင်ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အလယ်တန်းပညာသင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရေးအတွက် မူလတန်းလွန် ကျောင်းများအဖြစ် နိုင်ငံတော်က တိုးမြှင့်ဖွင့်လှစ်ပေးပြီးဖြစ်သည်။ မြို့ပေါ်နှင့် ကျေးလက်ဒေသကျောင်းများ၏ သင်ကြားသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီ ရရှိစေရေးအတွက် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု စာသင်ခန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံ ဖွဲ့စည်းသင်ကြားပေးလျက်ရှိသည်။ မိဘပြည်သူများ၊စေတနာရှင်များနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်တွင် ကျောင်းသားကျောင်းသူ ၇ ဒသမ ၆၄ သန်းကျော် တက်ရောက်သင်ယူလျက် ရှိနေပြီဖြစ်သည်။ သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်များကိုလည်း ပြည်နယ်၊ တိုင်းအလိုက် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍတွင်လည်း အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ပေါ်ထွန်းလာစေရေးအတွက် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းများ တပ်ဆင်အသုံးပြုလျက်ရှိသည်။ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု သတ်မှတ်၍ တက္ကသိုလ်နှင့် ကောလိပ်များ တိုးချဲ့တည်ထောင်မြှင့်တင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်၊ကောလိပ်ပေါင်း ၁၅၆ ကျောင်းတွင် ကျောင်းသူ ကျောင်းသားအင်အား ကိုးသိန်းခန့်တက်ရောက်သင်ယူလျက်ရှိကြပြီး ပါရဂူဘွဲ့ရသူ ၅၀၀ နီးပါး ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ၂၁ရာစုတွင် ကြုံတွေ့ရမည့် လူမှုစီးပွားရေးဘဝကို ရင်ဆိုင် ကျော်လွှားနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာခဲ့သည်။ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေး အစီအစဉ်များကို အခြေခံပညာအဆင့်မှစ၍ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်များကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်မည့် မျိုးဆက်သစ် လူငယ်များအဖြစ် ပေါ်ထွန်းလာနေပြီဖြစ်သည်။

၂၀၀၄ ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များအဖြစ်-

- **ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊**
- **အမျိုးသားပညာရည် မြင့်မားရေး၊**
- **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး**

ဟူ၍ သတ်မှတ်ထားရာ အမျိုးသားရေးအားမာန် ရှင်သန်ပြည့်ဝစွာဖြင့် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ကြရမည် ဖြစ်ပေသည်။

မြန်မာတို့သည် အမျိုးကိုစောင့်ရှောက်သူများ ဖြစ်ကြပြီး ခေတ်သမိုင်းအဆက်ဆက်တွင် ဝံသာနုရက္ခိတ တရားကို လက်ကိုင်ထား၍ ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ထာဝရလက်တွဲနေထိုင်ခဲ့ကြသူများ ဖြစ်ကြသည်။ ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် လွတ်လပ်ရေးရပြီးစကာလတွင် အမြင်သွေဖည်မှုများ ရှိခဲ့သော်လည်း ယခုအခါ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် အမျိုးသားစည်းလုံးညီညွတ်မှု အင်အားခိုင်မာလာပြီဖြစ်သဖြင့် နိုင်ငံနှင့်အဝန်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးမှုအရှိန်အဟုန်များ မြင့်မားတိုးတက်လာခဲ့ပြီဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် မြန်မာတစ်မျိုးသားလုံးသည် အမျိုးသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတ စိတ်ဓာတ်များ ရှင်သန်ခိုင်မာအောင် လက်ဆင့်ကမ်းစွမ်းဆောင်ပြီး နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိနေပါကြောင်း အမျိုးသားနေ့ဂုဏ်ပြုကြိုဆိုလျက်ရေးသားတင်ပြလိုက်ရပါသည်။ ။



နိုဝင်ဘာ ၂၄ ရက်က လသာမြို့နယ် အမှတ်(၇) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံ ပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)



ဒီဇင်ဘာ ၂ ရက်က ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီရုံးခွဲ ကျန်းမာရေးဌာန လက်ထောက်ဌာနမှူး ဒေါ်အုန်းညွှန့်က အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီးဘဝမြှင့်တင်ဖို့အကြောင်း ဟောပြောစဉ်။ (က-ပ)

စာမျက်နှာ ၉ မှ

ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အခြေခံများ တိုးတက်မြင့်မားလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်က ယခင် အစဉ်အလာများအတိုင်း ဆက်လက်ကူညီ ပံ့ပိုးစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မန်ပန်ပြည်သူ့စစ်မှ ဦးစိုင်းမွန်း၊ မုံးဟင်၊ မုံးဟပြည်သူ့စစ်မှ ဦးလောမားတို့က နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**လက်ဆောင်ပစ္စည်း**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ဆောင်ပစ္စည်းများကို မန်ပန်ပြည်သူ့စစ်မှ ဦးစိုင်းမွန်းနှင့် မုံးဟင်၊ မုံးဟပြည်သူ့စစ်မှ ဦးလောမားတို့အား ပေးအပ်သည်။ **(သတင်းစဉ်)**





## ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌တွေ့ဆုံ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်ပန်ပြည်သူ့စစ်မှ ဦးစိုင်းမွန်းနှင့် မုံးဟင်၊ မုံးဟပြည်သူ့စစ်မှ ဦးလောမားတို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်ပန်ပြည်သူ့စစ်မှ ဦးစိုင်းမွန်းနှင့် မုံးဟင်၊ မုံးဟပြည်သူ့စစ်မှ ဦးလောမားတို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။**

(သတင်းစဉ်)

## ဆဋ္ဌမအကြိမ် ကျောက်စိမ်းရောင်းချပွဲ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ ဝင်ငွေအမြန်ရရှိပြီး လုပ်ငန်းသုံးငွေလည်ပတ်စေရန်၊ နိုင်ငံသားကျောက်စိမ်းလုပ်ငန်းရှင်များ ကျောက်စိမ်း အချောထည်ထုတ်လုပ်ရန်အတွက် ကျောက်စိမ်းကုန်ကြမ်းများရရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် အကျိုးတူ ကျောက်စိမ်းများကို ဖားကန့်မြို့နယ်၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)နှင့် ရန်ကုန်မြို့၌ ကျပ်ငွေဖြင့် ရောင်းချပွဲ ငါးကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။

**ရောင်းချမည်**

ကျောက်စိမ်းများဝယ်ယူမည့်ရတနာကုန်သည်များ ပိုမိုအဆင်ပြေစေရန်၊ ကျောက်စိမ်းဈေးကွက် ရန်ကုန်မြို့တွင် တိုးတက်ဖြစ်ထွန်းစေရန်နှင့်ဝယ်ယူရရှိသည့် ကျောက်စိမ်းများကို ဖြတ်တောက်ပြုပြင်ပြီး အဆင့်မီသည့် ကျောက်စိမ်းများကို ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပမည့်(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံခြားငွေဖြင့် တင်ပြရောင်းချနိုင်ရန် ဆဋ္ဌမအကြိမ် ကျောက်စိမ်းရောင်းချပွဲကို ရန်ကုန်မြို့ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၉ရက်မှ ၃၁ရက်အထိ ပြည်တွင်းသုံး ကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်သည်။

ကျောက်စိမ်းရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် လိုင်စင်ရယူထားသူများအား သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည် ဖြစ်သည်။

**ဆက်သွယ်စုံစမ်း**

ကျောက်စိမ်းရောင်းချပွဲသို့ တက်ရောက်ခွင့်မှတ်ပုံတင်ခြင်း၊ လျှောက်လွှာများထုတ်ယူခြင်းနှင့် အခြားလိုအပ်သည်များကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၀ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ စီမံရေးရာရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ကျောက်စိမ်းရောင်းဝယ်ရေးဌာန ရန်ကုန်မြို့နှင့် ဖားကန့်မြို့နယ် ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း) တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

## ပဲခူးတိုင်းအတွင်းရှိ စည်ပင်သာယာရေးလုပ်ငန်းများ နယ်စပ်/ စည်ပင် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၅

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေသည် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးကျော်မြင့် လိုက်ပါလျက် နိုဝင်ဘာ၂၇ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လိပ်ပြာကန်ရပ်ကွက်ရှိ အရှည်ပေ၂၀၀၊ အကျယ်၁၆ပေရှိ ၂၈လမ်း ကတ္တရာရေပိတ်လွှာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့က ကြိုဆို၍ ကတ္တရာရေပိတ်လွှာခင်းခြင်း လုပ်ငန်းအား ရှင်းလင်းတင်ပြသည်။**

**အကုန်အကျခံဆောင်ရွက်**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရှင်စောပု ရပ်ကွက်ရှိ အရှည်ပေ၃၃၅၀၊ အကျယ် ၁၈ပေ ရှိ ဗန္ဓုလလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ဒုတိယဝန်ကြီးက ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတွင် လမ်းအရည်အသွေးကောင်းမွန်ရေး၊ လမ်းပြီးပါက လမ်းပခုံးသားများ ဖြည့်တင်းဆောင်ရွက်ရေး မှာကြားသည်။ အဆိုပါလမ်းအား ပြည်သူလူထုက ၁၂၂ သိန်း၊ မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၈၈သိန်း အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်ထားပြီးဖြစ်သော Land Scaping လုပ်ငန်းများအား စစ်ဆေးကြည့်ရှုပြီး ဆက်လက်ထွက်ခွာလာရာ သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိသည်။ ဒုတိယဝန်ကြီးအား အဖွဲ့ရုံးခန်း၌ သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက စည်ပင်သာယာရေးလုပ်ငန်းများနှင့် ပတ်သက်၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက် ဇမ္ဗူရစ်လမ်းတွင် ရပ်ကွက်ရေရရှိရေးအတွက် တူးဖော်ပြီးစီးသွားသော တစ်နာရီဂါလန် ၁၈၀၀ ထွက်ရှိသည့် စက်ရေတွင်းအမှတ်(၁)အား သွားရောက်ကြည့်ရှုပြီး ဒုတိယဝန်ကြီးက စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ပတ်သက်၍ ရေလှောင်ကန်ပိုက်တပ်ဆင်ရန်နှင့် ရေထွက်ပိုက်အား လက်ရှိတပ်ဆင်ထားသော အရွယ်အစားထက် ငယ်သော ပိုက်များ ပြောင်းလဲတပ်ဆင်ရန် မှာကြားခဲ့သည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည်အရှည်ပေ ၁၂၀၀ အကျယ်၁၂ပေရှိ ဇမ္ဗူရစ်လမ်း ကတ္တရာရေပိတ်လွှာ ခင်းခြင်း လုပ်ငန်းအား စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ တည်ဆောက်နေသော ကဝမြို့နယ် သက္ကလစံပြကျေးရွာအဝင်တံတား ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ အဆိုပါလုပ်ငန်းနှင့် ပတ်သက်၍ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းက မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကဝမြို့ပေါ်ရှိ အရှည်ပေ ၂၀၀အကျယ် ၁၀ပေရှိငုဝါလမ်းကတ္တရာ ရေပိတ်လွှာ ခင်းခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**





# နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ အင်းလေးဒေသ၊ လွယ်ငြိမ့်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တမေဓာဝီ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ရန်ကုန် ဒီဇင်ဘာ ၅



## ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ တဲကြီးကုန်းရွာ ခမည်းတော်ဦးကြာရွက်၊ မယ်တော်ဒေါ်ရွှေဖီတို့မှ ၁၂၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၂ရက် ကြာသပတေး နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

## ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၈ ခုနှစ်တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မရမ်းရွာ စမ်းကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလာစာရကိုဥပဇ္ဈာယ်ပြု၍ မိဘ နှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ရောက်ရှိတော်မူခဲ့ပါသည်။ ၁၂၉၆ ခုနှစ် ပထမ ဝါဆိုလပြည့်နေ့တွင် ချောင်းဆုံမြို့နယ် မရမ်းရွာ မြေပိုင်ရှင် ဦးအုန်းရွှေ၊ ဒေါ်ငြိမ်းသူတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သထုံမြို့ စန္ဒာရုံကျောင်း၌ ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် မရမ်းရွာ စမ်းချောင်းတောင်ပေါ်သိမ်၌ ရဟန်းအဖြစ်သို့ရောက်ရှိ တော်မူခဲ့ပါသည်။

## ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မရမ်းရွာ စမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလာစာရ၊ ပုသိမ်မြို့ မန်းကျောင်း ပထမဝေဠုဝန်ဆရာတော်ကြီး၊ စာချဆရာတော်အရှင်ဗုဒ္ဓဃောသ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဏ္ဍည၊ စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒ၊ ဘဒ္ဒန္တဝါသဝ စသော ဆရာတော်များထံတွင် ပိဋကတ်အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာဋီကာများကို သင်ယူဆည်းပူးတော် မူခဲ့ပါသည်။

## စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၀၀ပြည့်နှစ် ဝါခေါင်လဆန်းမှစ၍ အင်းလေးဒေသ ဟဲယားရွာမကျောင်း ကျောင်းနိဂုဏ်းချုပ် ဆရာတော်ဘဒ္ဒန္တသောဘိတ၏အကူအညီတောင်းခံချက်အရ ကျောင်းနီဆရာတော်ကြီးနှင့် ပူးတွဲကာ စာသင်တိုက် ဖွင့်လှစ်ပြီး အင်းသား၊ ရှမ်းခနော်၊ တောင်ရိုးစသော တိုင်းရင်းသားများအား စာပေပို့ချသင်ကြားခြင်း၊ ဆဋ္ဌသံဂါယနာတင်ပွဲ၌ ဝိသောဓကအဖြစ်ဆောင်ရွက်ခြင်း၊ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ သြဝါဒါစရိယ၊ အင်းလေးဒေသလုံးဆိုင်ရာ ပရိယတ္တိသာသနာ့ပါလစာမေးပွဲ၌ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူခြင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်တော် မူခြင်း၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခြင်းတို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော် မူခဲ့ပါသည်။

## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့ ဘာသာရေး၊ သာသနာရေးကိစ္စများကို စွမ်းစွမ်းတမံဆောင်ရွက်တော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ၂၀၀၀ပြည့်နှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါအရ ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက် (၄–၁၂–၂၀၀၄ရက်)စနေနေ့ ည၇နာရီ မိနစ်၂၀တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သြဝါဒါစရိယ ညောင်ရွှေမြို့ အင်းလေးဒေသ လွယ်ငြိမ့်ကျောင်းတိုက်ပဓာနနာယကဆရာတော်ကြီးဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဒီဇင်ဘာ ၅

နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့ အင်းလေးဒေသ လွယ်ငြိမ့်ကျောင်းတိုက် ပဓာနနာယက သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါရှိ ဘဒ္ဒန္တမေဓာဝီ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီးသည် ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (ဒီဇင်ဘာ ၄ ရက်) စနေနေ့ ည ၇နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပန်းတဦးတန်းအရုဏ်တော်ဝတ်အသင်း ရွှေသက်နိုင်းတော်များလှည့်လည်အပူဇော်ခံ

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းတဦးတန်း အရုဏ်တော်ဝတ်အသင်းကကြီးမှူး၍ (၆၃)ကြိမ်မြောက် ရွှေတိဂုံစေတီတော်အားကပ်လှူမည့် ရွှေပြားရွှေသက်နိုင်းတော်များ လှည့်လည်အပူဇော်ခံပွဲကို ယနေ့ နံနက် ၇နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ရှိ အဆိုပါဝတ်အသင်းဓမ္မာရုံ၌ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဝတ်အသင်းဥက္ကဋ္ဌ ဦးတင်ရွှေက ဖဲကြိုးဖြတ်၍ လှည့်လည်အပူဇော်ခံပွဲကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် (၆၃)ကြိမ်မြောက် ရွှေသက်နိုင်းတော်များကပ်လှူပူဇော်ပွဲတွင် ရွှေတိဂုံစေတီတော်အား ကပ်လှူမည့် အလေးချိန်သုံးကျပ်သားစီရှိ ရွှေသက်နိုင်းတော် ၃၂ပြား စုစုပေါင်းအလေးချိန် ၉၆ကျပ်သား တန်ဖိုးငွေကျပ် ၁၈၇သိန်း ကျော်ကို ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း လှည့်လည်အပူဇော်ခံကြသည်။ အဆိုပါ ရွှေသက်နိုင်းတော် များကို ဒီဇင်ဘာ၆ရက် **(ယနေ့)**နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ်အတွင်း လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။ **(သတင်းစဉ်)**



# ၂၁)ကြိမ်မြောက်မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သိရီမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်ကွက်စေတနာရှင်များ စုပေါင်းလျက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ(မဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြု၍ ပင့်သံဃာတော် ၇၃ ပါးတို့ဖြင့် ဒီဇင်ဘာ ၂၂ ရက် နံနက် ၇ နာရီတွင် ဖွင့်လှစ်ပြီး ပဋ္ဌာန်းဝန်ဆောင်ဆရာတော် ၂၄ပါးတို့က ဒီဇင်ဘာ၂၆ရက်အထိ အသံမစဲ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ရာ ကျောင်းသားဟောင်းများနှင့် ရပ်နီးရပ်ဝေး စေတနာရှင်များ ဖုန်း–၅၄၅၈၃၇သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၅)**

# တပ်မတော်စိုက်ပျိုးရေး သင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၅

ကာကွယ်ရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်စိုက်ပျိုးရေး သင်တန်းအမှတ်စဉ်(၅၂)သင်တန်းဆင်းပွဲကို ဒီဇင်ဘာ၁ရက် နံနက်၉နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့မြန်မာ့ဆန်စပါး သုတေသနဌာန ဗဟိုစိုက်ပျိုးရေးခြံ ဆရာစခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရ တပ်မတော်သင်တန်းသားများအား ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အာဆင်နယ်တိုက်စစ်မှူး

**အာဆင်နယ် တိုက်စစ်မှူး သီယာရီဟင်နရီက ဘာမင်ဂမ် ဂိုးသမားကို ဖြတ်ကျော်၍ ဂိုးသွင်းယူရန် ကြိုးပမ်းနေစဉ်။**
**(ဓာတ်ပုံ–အေအက်ဖ်ပီ)**



# ကမ္ဘာတစ်လွှားအားကစား

## ချယ်လ်ဆီးအသင်းထိပ်ဆုံးမှပြေးနေဆဲ မန်ယူနှင့်အာဆင်နယ် လေးမှတ်သာကွာခြား

အင်္ဂလန် ဒီဇင်ဘာ ၅

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများကို စနေနေ့က အင်္ဂလန်နိုင်ငံ၌ ကျင်းပခဲ့သည်။

နာမည်ကြီး ချယ်လ်ဆီးအသင်းသည် ထိပ်ဆုံးမှနေ၍ ဂိုးပဒေသာများ ဆက်လက်သွင်းယူခြင်းဖြင့် ဇယားထိပ်တွင် ဦးဆောင်နေဆဲဖြစ်သည်။ ချယ်လ်ဆီးသည် နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခင်အပတ်ကလည်း ချယ်လ်ဆီးသည် ချာလ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် အဆိုပါရလဒ်အတိုင်းပင် နိုင်ခဲ့သေးသည်။

အနိုင်ဂိုးများကို လန်းပတ်၊ ဒရော့ဘာ၊ ရော့ဘင်နှင့် ကက်မင်းန်တို့က သွင်းယူပေးခဲ့ကြသည်။ ချယ်လ်ဆီးသည် ၁၆ပွဲ ကစား၊ ၁၂ပွဲနိုင်၊ ၃၉မှတ်ဖြင့် အခြားပြိုင်ဘက်များထက် ငါးမှတ်အသာရရှိကာ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ထို့အတူပင် မန်ချက်စတာယူနိုက်တက်အသင်းသည် ယခင်အပတ်က ဝစ်ဘရောင်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်နိုင်ခဲ့သည့် စံချိန်ကို ယခုအပတ်တွင်လည်း ဆောက်သမ်ပတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ယင်းစံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

မန်ချက်စတာအသင်းအတွက် အနိုင်ဂိုးများကို ပေါလ်စခိုးလ်၊ ရွန်နေး၊ ခရစ္စတီယာနိုရိုနယ်ဒိုတို့က အသီးသီး သွင်းပေးခဲ့ကြသည်။ မန်ယူသည် ရမှတ် ၃၀ဖြင့် ဇယား၌ စတုတ္ထနေရာတွင် ရောက်ရှိနေသည်။

၁၆ပွဲကစားပြီးချိန်တွင် ချယ်လ်ဆီးက ၃၉မှတ်၊ အာဆင်နယ်က ၃၄ မှတ်၊ အဲဗာတန်က ၃၃မှတ်၊ မန်ယူက ရမှတ် ၃၀ရရှိထားကြသည်။

နာမည်ကြီး အာဆင်နယ်သည် ယခင်အပတ်က လီဗာပူးကို နှစ်ဂိုး–တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သော်လည်း ယခုအပတ်တွင် ဘာမင်ဂမ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့၍ မန်ယူ၏ အမီလိုက်လာမှုကို စိတ်သက်သာရာ ရရှိသွားသည်။

ဖလားယူရန် ရေပန်းမစားသော်လည်း အဲဗာတန်အသင်းသည် သူ၏ တတိယနေရာကို အပိုင်ယူထားဆဲဖြစ်သည်။ ထိုနေ့က အဲဗာတန်အသင်းက ဘောလ်တန်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့်နိုင်ခဲ့သည်။

အက်စတွန်ဗီလာအသင်းနှင့် လီဗာပူးတို့ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည်။

နော့ဝှစ်အသင်းသည် ဖူဟမ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ဘလက်ဘန်းက တော့တင်ဟမ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအရှုံးပြိုင်ခဲ့ကြသည်။

သို့ရာတွင် ပို့စ်မောက်အသင်းသည် ဇယားအောက်ဆုံးရောက် ဝက်စ်ဘရွန်းအသင်းကို အတန်းတက်ခွင့်မပေးဘဲသုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ယူခဲ့သည်။

**(အင်တာနက်)**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၉)နှစ်ထက်မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၁-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၇-၁-၂၀၀၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ။

(ခ) **သင်္ချာ** ။ မွန်းလွဲ (၁) နာရီ မှ (၃) နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **တောင်ကြီးမြို့** တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေး ခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်း စစ်စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် (၁-၂-၂၀၀၅) မှ (၄-၂-၂၀၀၅) ရက်နေ့များအတွင်းမေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀ိ/-)၊ ဒုတိယနှစ်(၅၀၀ိ/-)ရရှိမည်။ သင်တန်း အောင်မြင် ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့် စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည် များ **အဆင့်အတန်းတိုးမြှင့်ရေး စည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များ သို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ် ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့် အခါလျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင် ရမည်။



# သန်လျင်မြို့ ကျောင်းကုန်း–ဆိပ်ကြီးလမ်း ကတ္တရာခင်း

**သန်လျင် ဒီဇင်ဘာ ၄**

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော အရှည်လေးမိုင်ရှိ ကျောင်းကုန်း–ဆိပ်ကြီးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ၃ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးထွန်းမြိုင်၊ အင်ဂျင်နီယာမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက စံချိန်စံညွှန်း နှင့် အညီသတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ ပစ္စည်းအလေအလွင့်မရှိစေရေးနှင့် စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

# သာစည်မြို့နယ်၌ ပညာပဒေသာ စာကြည့်တိုက်ဖွင့်

**သာစည် ဒီဇင်ဘာ ၁**

သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အုတ်တွင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ပညာပဒေသာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ရက်က ဆင်ရွာစံပြကျေးရွာတွင် ကျင်းပရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးအောင်မြိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးညွန့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ရည်ရွယ်ချက်ရှင်းလင်း**

ဆက်လက်၍ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က စာကြည့်တိုက်ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**



**ငပုတောမြို့နယ် ကျွန်းညိုကန့်ဘလာအုပ်စု ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မြကျွန်းညို ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၈ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မာလာဝင်းနှင့် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးချစ်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

**ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှူလာစို့**

**ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်**

# လမ်းဘေးဝဲယာ အရိပ်ရပင်နှင့် ပန်းအလှပင်စိုက်ပျိုး

**မြစ်ကြီးနား နိုဝင်ဘာ ၁၅**

မြစ်ကြီးနားမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် အောက်တိုဘာ ၁၀ရက်က မြေမြင့်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ လမ်းလယ်ကျွန်း၊ ပန်းပေါင်အမှတ် ၅၄မှ ၅၈ အထိ မြေခင်းအလှပြုပြင်ခြင်းနှင့် ဒေသထွက် ရာသီပန်းများ စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် လမ်းမကြီးပေါ် သန့်ရှင်းရေးဆောင်ရွက်ကြရာ လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအေးဆွေ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ပြည်နယ် စည်ပင်)**



# မိုင်းခုတ်မြို့ သာယာလှပရေး ရေနုတ်မြောင်းရှင်းလင်း

**မိုင်းခုတ် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခုတ်မြို့တွင် စည်ပင်သာယာရေးအဖွဲ့က မိုင်းခုတ်မြို့ အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေး ဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ လမ်းပခုံးပေါ်ရှိ မြက်များ ရှင်းလင်းခြင်းနှင့် လမ်းပခုံးပြုပြင်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၄ ရက်က ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် တာဝန်ခံ ဦးထွန်းဝေတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

# ပန်းတနော်မြို့ ပညာဥယျာဉ် ကျေးလက်စာကြည့်တိုက်ဖွင့်

ပန်းတနော် ဒီဇင်ဘာ ၁

**ပန်းတနော်မြို့နယ် ကတောက်ဆပ် ကျေးရွာအုပ်စုတွင် ပညာဥယျာဉ် ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၉ ရက်က ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မိုးလွင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ကျေးရွာ ဥက္ကဋ္ဌ စောအောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးက အဖွင့် အမှာစကားပြောကြားပြီး နွေစပါးစိုက်ပျိုးရေးတွင် ရေရရှိရေး၊ ရိုးပြတ်မြေများတွင် ဆောင်းသီးနှံစိုက်ပျိုးရေးနှင့် ကျေးရွာလမ်းများ ပြုပြင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်း ပြောကြားရာ အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**ကြည့်ရှုစစ်ဆေး**

**ရှမ်းပြည်နယ် (တောင် ပိုင်း) ညောင်ရွှေမြို့နယ် စိုက်ပျိုးရွာ ပအိုဝ့်ကုန်း တွင် ဆောင်ရွက်လျက် ရှိသော ကျေးလက် ရေပေး ရေး အတွက် လေးလက်မတွင်းနက် တူးဖော်ခြင်း လုပ်ငန်းကို မြို့နယ် စည်ပင် သာယာရေးအဖွဲ့ လက် ထောက် ညွှန် ကြား ရေးမှူး ဦးရဲမွန်နှင့် အငယ်တန်း အင် ဂျင် နီယာ (၂) ဦးထွန်းမင်း သိန်း တို့ နိုဝင်ဘာ ၁၃ ရက်က ကြည့်ရှု စစ်ဆေးစဉ်။**
(နယ်စပ်/စည်ပင်)





ကဝမြို့(၂)ရပ်ကွက် မိုးကောင်းစေတီတော်၏(၈၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်တွင် စေတီတော်၏ မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ရက်က ကျင်းပရာ ဘုရားလေးကျောင်းတိုက်ဆရာတော် ဦးဆောင်၍ မုခ်ဦး အလှူရှင် ဦးသောင်းထွန်း-ဒေါ်တင်ကြွယ်တို့က မုခ်ဦးကို ဖွင့်လှစ်ပေးကြစဉ်။ (၂၄၀)

## ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ စုပေါင်းဘုံကထိန်ကျင်းပ

**ချမ်းမြသာစည် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ကျောက်ဆည် ဘိလပ်မြေစက်ရုံ၊ ကျောက်ဆည်အပ်ချုပ်စက်ရုံ၊ အမှတ်(၃)စက္ကူစက်(ပလိပ်)၊ မန္တလေးတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ စုပေါင်းဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ချမ်းမြသာစည်မြို့နယ် ငါးစိုတိုက် ငြိမ်းချမ်းရေးကျောင်း၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

**ကိုးပါးသီလခံယူ**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ငါးစိုတိုက် ငြိမ်းချမ်းရေးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များထံမှ မေတ္တသုတ်ပရိတ်တရားတော်များ နာကြားကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(က-ပ)**



### သရုပ်ပြ

နိုဝင်ဘာ ၂၁ရက်က ပြည်မြို့နယ် **စည်ပင်သာယာရေးအဖွဲ့မြို့နယ်တာဝန်ခံအရာရှိ ဦးတင်မိုးလှိုင်နှင့် ဒုတိယဦးစီးမှူး ဦးမြင့်မြတ် ဦးဆောင်သော အဖွဲ့ဝင်ထမ်းများ၊ မြို့မ ဈေးမိဈေးဖများနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များက ပြည်မြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။** (မြို့နယ်စည်ပင်)

### လက်ခံရယူ

**အမှတ် (၇၇) ၃ လမ်း ဘုရင့်နောင်ရိပ်သာ အင်းစိန်မြို့နယ်နေ ဒေါ်ဟန်ငွေးက မွေးနေ့အလှူအဖြစ် ဗိဇိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို နိုဝင်ဘာ ၁၂ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်မှူးကြီး ဘဉာဏ် (ငြိမ်း)က လက်ခံရယူစဉ်။** (က-ပ)




## ရေနုတ်မြောင်းများ စုပေါင်းသန့်ရှင်း

**ကျောက်ဖြူ နိုဝင်ဘာ ၃၀**

ကျောက်ဖြူမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သန်ပန်ချောင်းရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်း မွန်ရေးအတွက် နိုဝင်ဘာ ၁၃ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်နှင့် အမှုဆောင်အရာရှိ ဦးမောင်မြင့်တို့က လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**



## စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

**ကော့သောင်း ဒီဇင်ဘာ ၁**

ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ၁၈ရက်နံနက် ၈ နာရီက စုပေါင်းရုံးခန်းမဆောင်၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ သင်တန်းသို့ ကော့သောင်းခရိုင်နှင့်မြို့နယ်ရုံးစာရေးဝန်ထမ်းများ၊ ဘုတ်ပြင်းမြို့နယ်ရုံး၊ ပြည်ကြီးမဏ္ဍိုင်၊ ကရသူရိနှင့်ခမောက်ကြီးမြို့ရုံးများမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## ယခုအပတ် မြန်မာဗီဒီယို ၁၆ ကား ဖြန့်ချိ

## ကျော်ဟိန်း၏ ကုကူကူးနှင့် ခင်သန်းနု ပါဝင်သော ဂျစ်ပစီမိုးတိမ် ပါဝင်

**မောင်ဆွေထွန်း**

ရန်ကုန် ဒီဇင်ဘာ ၅

**ယခုအပတ်တွင် မြန်မာဗီဒီယိုဇာတ်ကား (၁၆) ကား ပြသရန်ဖြန့်ချိနိုင်သည်ကို တွေ့ရသည်။ တစ်ပတ်အတွင်း ဇာတ်ကားအရေအတွက် အများဆုံး ဖြန့်ချိနိုင်ခြင်းဖြစ်သည်။**

ဒီဇင်ဘာ ၆ ရက်မှစ၍ ဖြန့်ချိမည့် ဇာတ်ကားများမှာ လပ်ကီးဆဲဗင်း ဗီဒီယိုမှ ဒါရိုက်တာ ဝေမှိုင်းညို ရိုက်ကူး၍ လူမင်း၊ သားညီ၊ နန္ဒာလှိုင်တို့ပါဝင်သော **နှစ်ကိုယ်တူချစ်သမျှ** ဇာတ်ကား။ စိန်ပန်းမင်း ဗီဒီယိုမှ



**'ကုကူကူး' ဗီဒီယိုဇာတ်ကားမှ ကျော်ဟိန်း၊ ခန့်စည်သူနှင့် နဝရတ်တို့၏ သရုပ်ဆောင်ဟန်။**

ဒါရိုက်တာ မောင်အောင်ရိုက်ကူး၍ ကျော်ဟိန်း၊ ခန့်စည်သူ၊ နဝရတ်နှင့် ဖူးစုံတို့ပါဝင်သော **ကုကူကူး** ဇာတ်ကား။ ပြည့်ဖြိုးမြတ် ဗီဒီယိုမှ ဒါရိုက်တာ မီးပွားရိုက်ကူး၍ ရန်အောင်၊ ရာဇာနေဝင်း၊ ဇော်ဝမ်းနှင့် ခိုင်သင်းကြည်တို့ ပါဝင်သော **မှတ်ထား**ဇာတ်ကား (ပထမပိုင်းနှင့် ဇာတ်သိမ်းပိုင်း)။

လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာ စိန်သံမဏိ ရိုက်ကူး၍ သူထူးစံ၊ ခင်သန်းနု၊ ဇင်ဝိုင်းနှင့် မေကဗျာတို့ ပါဝင်သော **ဂျစ်ပစီမိုးတိမ်** ဇာတ်ကား။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ မောင်မြင့်သိန်း ရိုက်ကူး၍ မြို့တော်ချစ်ဖွယ်၊ ခင်စိုးပိုင်တို့ ပါဝင်သော **နွေဦးဒဏ္ဍာရီ** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာ ဝင်းမော်ရိုက်ကူး၍ ထင်ပေါ်၊ ထွန်းလွင်အောင်၊ ကင်းကောင်နှင့် ကုသိုလ်တို့ ပါဝင်သော **ပထမပုံရိပ်ရဲ့ ပထမသံစဉ်** ဇာတ်ကား။ စိန်ငွေး ဗီဒီယိုမှ ဒါရိုက်တာ ကိုအောင်မင်း ရိုက်ကူး၍ ဇာဂနာ၊ နေထူးနိုင်နှင့် ပုလဲဝင်းတို့ ပါဝင်သော **အေးဆေးပါ** ဇာတ်ကား။ ရွှေသံလွင်ဖြိုး ဗီဒီယိုမှ ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူး၍ ကျော်သူ၊ မေသန်းနု၊ ခိုင်နှင်းဝေနှင့် ရွှေသွေးတို့ ပါဝင်သော **သူ့ကို-သူ့ကို** ဇာတ်ကား။ မျက်ခြယ် ဗီဒီယိုမှ ဒါရိုက်တာဒယ်နီ ရိုက်ကူး၍ နေထက်လင်း၊ မြတ်ကေသီအောင်တို့ ပါဝင်သော **အဖြူရောင်ရန်စွယ်** ဇာတ်ကား။ ကြောင်ကမ္ဘာ ဗီဒီယိုမှ ဒါရိုက်တာစန္ဒာအောင်သိန်း ရိုက်ကူး၍ အောင်ပိုင်၊ ကျော်ဇောဟိန်းနှင့် စုလှိုင်နှင်းတို့ပါဝင်သော **သွေးသစ္စာတည်**ဇာတ်ကား။ ကျော်ဗီဒီယိုမှ ဒါရိုက်တာ မင်းရဲထက် ရိုက်ကူး၍ ခင်လှိုင်၊ ကျော်ထူး၊ ရဲဒိုးနှင့် သင်းသင်းယုလှိုင်တို့ပါဝင်သော **ရူးကြောင် မူးကြောင်တို့ညီနောင်** ဇာတ်ကား။

ပြည့်စုံအောင် ဗီဒီယိုမှ ဒါရိုက်တာ နေပိုင်ရိုက်ကူး၍အရိုင်းနှင့် ပွင့်တို့ ပါဝင်သော **အချစ်သည် ငြိမ်းချမ်းရေး** ဇာတ်ကား။ ဖိုးလပြည့် ဗီဒီယိုမှ ဒါရိုက်တာ ယွန်း ရိုက်ကူး၍ မင်းကိုနှင့် မြသင်းချယ်တို့ပါဝင်သော **နဝင်္ဂတိုင်းသူ မြကြာဖြူ** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာ အောင်မြိုင်ရိုက်ကူး၍မင်းဇော်၊ ထားအဉ္ဇလီ၊မေသင်္ကြန်နှင့် မြမောင်တို့ ပါဝင်သော **ကမ္ဘာမိုးညို ပြိုသောခါ** ဇာတ်ကား၊ စိုးမိုးဗီဒီယိုမှဒါရိုက်တာ ဒီပ ရိုက်ကူး၍မန်းဝင်း၊ ငြိမ်းချမ်းနှင့် ဝိုင်းချစ်တို့ ပါဝင်သော **ဟာသပျားရည်စက်များ(၂)** ဇာတ်ကားတို့ ဖြန့်ချိမည်ဖြစ်သည်။

**ဂျစ်ပစီ မိုးတိမ်** ဇာတ်ကားသည် ရုပ်ရှင်မင်းသမီး ခင်သန်းနု ပထမဆုံး ဗီဒီယို ဇာတ်ကားဖြစ်သည်။ **မှတ်ထား** ဗီဒီယိုဇာတ်ကားမှာ ဒါရိုက်တာ မီးပွားရိုက်ကူးသည့် **မှတ်ထား** အဆင့်မြင့် ဒီဗွီဒီဇာတ်ကားကို ဗီဒီယိုအဖြစ် အသွင်ကူးပြောင်းခြင်းဖြစ်သည်ဟု သိရသည်။ ။

**(မြန်မာ့အလင်း)**



**'မှတ်ထား'ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်တို့ အမူအရာ။**

### ခြောက်တောင်ပြန် ကျားကြီးမောင် မကြာမီဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၅**

နယ်ချဲ့ခေတ်နောက်ခံ အခင်းအကျင်းများဖြင့် ဇာတ်လမ်းဆင်ထားသော စာရေးဆရာနီလေးမောင်၏ ဖြစ်ရပ်မှန်ဝတ္ထုကို ဒါရိုက်တာဥက္ကာဗို ရိုက်ကူးသည့် **ခြောက်တောင်ပြန်ကျားကြီးမောင်** ဗီဒီယိုဇာတ်ကားမှာ ရိုက်ကူးပြီးစီးသွား၍ ဖြန့်ချိပြသရန် စီစဉ်လျက်ရှိသည်။

ထိုဇာတ်ကားကို ဇမ္ဗူတလူ ဗီဒီယိုမှ ကိုခင်ငွေး စီစဉ်၍ လူမင်း၊ ဇင်ဝိုင်းနှင့် နဝရတ်တို့ သရုပ်ဆောင်ထားကြသည်။ **(မြန်မာ့အလင်း)**



**ကျော်ဗီဒီယိုမှ ဖြန့်ချိသည့် 'ရူးကြောင် မူးကြောင်တို့ ညီနောင်'ဇာတ်ကားမှ ခင်လှိုင်၊ သင်းသင်းယုလှိုင်။**



## ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်နှင့်အဖွဲ့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ်။** (သတင်းစဉ်)

# တိုင်းရင်းသားအဖွဲ့ အစည်းများအပေါ် သဘောထားပြောင်းလဲမှုမရှိဘဲ ဆက်လက်ကူညီသွားမည် ပြည်သူများလိုလားသည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးပေါ် ထွန်းလာရေး (၇)ရပ်ပြည့်မြောက်အောင်မြင်သည်အထိအကောင်အထည်ဖော်ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၅**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာ ၄ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့်ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မကွေးလေဆိပ်သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁ ✻*

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) ‘ဝ’ငြိမ်းချမ်းရေးအဖွဲ့မှ ဗဟိုကော်မတီဝင် ဦးပေါ်လိုက်ခမ်းနှင့် ဦးအောင်မြင့်တို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။**

(သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကချင်ငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးမထုနော်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ယွန်နှင့် အထွေထွေအတွင်းရေးမှူး ဦးဇော်ဆိုင်းတို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။** (သတင်းစဉ်)

## ရည်မှန်းချက်ပြည့်မြောက်သည်အထိ ခိုင်ခိုင်မြဲမြဲ ဆက်လက်ကြိုးပမ်းဆောင်ရွက်

- ❐ မူဝါဒသဘောထား ပြောင်းလဲမှုမရှိဘဲ ယခင်အစဉ်အလာအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ ကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်သွားမည်၊
- ❐ နိုင်ငံတော် ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်ရင်း ပြည်သူများလိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်ပြည့်မြောက်သည်အထိ ခိုင်ခိုင်မြဲမြဲ ဆက်လက်ကြိုးပမ်း၊
- ❐ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ပါမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၊ ပြည်သူလူထု၏ ဆန္ဒသဘောထားဖြင့် အတည်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများကျင်းပခြင်း စသည့် ကျန်လုပ်ငန်းအဆင့်များ အောင်မြင်ချောမွေ့မည်ဖြစ်။